အရိယသစ္စာန ဒဿနံ ဧတံ မင်္ဂလ မုတ္တမံ၊ မြတ်စွာဘုရားဟောကြားတော်မူသော သစ္စာလေးပါးတရားတို့ကို သိမြင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၁၀ ရက်၊ ၂၀၀၄ ခုနှစ်၊ ဧပြီ ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၉၇)

တိုင်းပြည်အတွက်လိုအပ်သည့်ပညာရှင်များ ပိုင်ပိုင်နိုင်နိုင်မွေးထုတ်

နိုင်ငံတော်၏အနာဂတ်လေကြောင်းနှင့် အာကာသဆိုင်ရာ ပညာရှင်များကို မွေးထုတ်နိုင်မှသာ အခြားနိုင်ငံများနှင့်အတူ ရင်ပေါင်တန်းလိုက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဘာသာရပ်အသစ်၊ တက္ကသိုလ်အသစ်ဖြစ်သော်လည်း တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်သည့် ပညာရှင်များကို ပိုင်ပိုင်နိုင်နိုင် မွေးထုတ်နိုင်အောင် ကြိုးပမ်းစီမံဆောင်ရွက်သွားကြရန်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်ခန်းမ၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဆရာဆရာမများအားပြည့်ဝသို့စေလွှတ်၊ ပြည်ပပညာရှင်များအားခေါ်ယူ၊ သင်ကြားပို့ချမှုအပိုင်း၌ထိရောက်အောင်စီမံ ရရှိလာသည့်အတွေ့အကြုံအပေါ်အခြေခံ၊ ပို၍တိုးတက်ကောင်းမွန်အောင် ပြုပြင်ဖြည့်ဆည်းဆောင်ရွက် ခေတ်မီသင်ကြားရေးပစ္စည်းများပြည့်စုံအောင်ဖြည့်ဆည်း၊ အဆင့်အတန်းရှိသည့်တက္ကသိုလ်ဖြစ်အောင်ပိုပိုစီးစီးဆောင်ရွက်

ရန်ကုန်　ဧပြီ　၁၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဧပြီ ၁၂ ရက် နံနက် ၁၀ နာရီခွဲတွင် ပြင်ဦးလွင်မြို့မှ မိတ္ထီလာမြို့သို့ ရဟတ်ယာဉ်များဖြင့်ရောက်ရှိရာ မိတ္ထီလာတပ်နယ်မှူးနှင့် တပ်မတော်အရာရှိကြီးများ၊ တပ်မတော်သားများနှင့် မိသားစုများ၊ ဌာနဆိုင်ရာများက ကြိုဆိုကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၏ တည်ဆောက်မှုအခြေအနေများကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဧပြီလ ၁၄ ရက်)

ဒေသခံပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေး ရေအားလျှပ်စစ်စီမံကိန်းများ တိုးချဲ့ထူထောင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံဖြစ်သည်။ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်နေပြည်သူများဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက ကျေးလက်နေ ပြည်သူများ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် ဆည်မြောင်းတာတမံ စုစုပေါင်း ၁၅၈ ခုကို တည်ဆောက်ပေးခဲ့ပြီး ဖြစ်သည်။ ထို့အပြင် တည်ဆောက်ပြီး ဆည်တမံများကို အခြေခံ၍ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းလုပ်ငန်းများကိုပါ တွဲဖက်ဆောင်ရွက်ခဲ့ရာ ဒေသခံပြည်သူများ လူမှုစီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာခဲ့ပြီ ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧပြီ ၁၁ရက်က ပြင်ဦးလွင်မြို့နယ်ရှိ ဆင်လမ်း ရေလှောင်တမံသို့ရောက်ရှိပြီး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်း လမ်းညွှန်ချက်ကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

"ဆင်လမ်း ရေလှောင်တမံ၏ ရေဝင်အားကောင်းမှုအပေါ် စိုက်ပျိုးရေ ပိုမိုပေးဝေရေး၊ မြို့ရေပေးရေးစသည့် အကျိုးပြုလုပ်ငန်းများသာမက ရေအားလျှပ်စစ် အသေးစားလုပ်ငန်းများကိုပါ ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်"

မှာကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြင်ဦးလွင်မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အား လိုအပ်ချက် ပိုမိုတိုးတက်ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဆက်လက် လမ်းညွှန်မှာကြားရာ၌–

"ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မည့်အလားအလာများကို အသေးစိတ် ကွင်းဆင်း လေ့လာတိုင်းထွာပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် ယခုကဲ့သို့ အသေးစား တစ်ပိုင်တစ်နိုင် ရေအားလျှပ်စစ်စီမံကိန်းများကို တိုးချဲ့ထူထောင်ခြင်းဖြင့် ပြင်ဦးလွင်မြို့၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို တိုးတက်ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်ကြောင်း"

လမ်းညွှန် မှာကြားခဲ့သည်။

ပြင်ဦးလွင်မြို့နယ်တွင် စိုက်ပျိုးရေ၊ သောက်သုံးရေရရှိနိုင်ရန် ဆင်လမ်းရေလှောင်တမံကို တည်ဆောက် ပေးခဲ့သည့်အပြင် ဝက်ဝံရေအားလျှပ်စစ်စက်ရုံကို ထပ်မံတိုးချဲ့၍ ဓာတ်အားတိုးတက်ထုတ်လုပ်နိုင်ရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ဓာတ်တော်ချိုင့်ရေတံခွန်၏ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မည့် အလားအလာများကို သက်ဆိုင်ရာဌာနများက ကွင်းဆင်းလေ့လာတိုင်းတာပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရက ပြည်သူများအတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးနိုင်ရန် အတွက် အကြီးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများသာမက အလတ်စား၊ အသေးစား ရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံများပါ တည်ဆောက်ပေးခဲ့ရာ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ စုစုပေါင်း ၂၆၈ခု တည်ဆောက်ပေးခဲ့ပြီး လျှပ်စစ်ဓာတ်အားစုစုပေါင်း မဂ္ဂါဝပ် ၄၀၀၀၀ ကျော်ခန့် ထုတ်လုပ်ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပြင်ဦးလွင်မြို့နယ်၌ သံနှင့်သံမဏိစက်ရုံကို တည်ဆောက်ထားသည်။ သံနှင့်သံမဏိ တိုးမြှင့်ထုတ်လုပ်နိုင်ရန် နိုင်ငံတော်ကလည်း ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော် တည်ဆောက်ရေး လုပ်ငန်းများတွင် လိုအပ်သည့် သံနှင့်သံမဏိများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် တာဝန်ရှိသူများက တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ပြီး ဒေသခံ ပြည်သူများ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက် စေရေးအတွက် ရေအားလျှပ်စစ်စီမံကိန်းများ တိုးချဲ့ ထူထောင်ရန်နှင့် နိုင်ငံတည်ဆောက်ရေးအတွက် လိုအပ်သည့် သံနှင့်သံမဏိ တိုးမြှင့်ထုတ်လုပ်နိုင်အောင် တာဝန်ရှိသူအသီးသီးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဧပြီ ၁၂ရက်က တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် အရိယာမဂ္ဂင် ကျောင်းတိုက်၏ ဘုရားအနေကဇာ တင်၊ရဟန်းခံရှင်ပြုနှင့်ဆရာတော်ကြီး ဘဒ္ဒန္တနိန္ဒိယ၏ (၂၈)ကြိမ်မြောက် သိက္ခာထပ်ခြင်းကို ဧပြီ ၁၂ရက်က ကျင်းပရာ ဆရာတော်ကြီးအား ကျောင်းတိုက် အကျိုးတော်ဆောင် ဦးခင်မောင်စိုးနှင့် တပည့် ဒါယကာ များက လေးပါးသော ဝတ္ထု ပစ္စည်း တို့ကိုဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

ကိုကိုးကျွန်းမြို့နယ် ဖွံ့ဖြိုးရေးဆိုင်ရာများ ဖြည့်ဆည်းပေးရန်နှင့် ကျန်းမာရေးဆိုင်ရာစောင့်ရှောက်ရန်သွားရောက်ခဲ့သောအဖွဲ့အား

တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ ကြိုဆိုနှုတ်ဆက်

ရန်ကုန် ဧပြီ ၁၃

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ရေဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မော်သိန်း၊ အမှတ်(၄)စစ်ဒေသမှူး ဗိုလ်မှူးကြီး ရန်နိုင်ဦးနှင့် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက် ၉နာရီက ရေဝတီရေတပ်စခန်းဌာနချုပ် ဆိပ်ခံဖောတံတားသို့ သွားရောက်၍ ရန်ကုန်တောင်ပိုင်းခရိုင် ကိုကိုးကျွန်းမြို့နယ်သို့ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ဖြည့်ဆည်းပေးရန်နှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များစောင့်ရှောက်ရန် အထူးရေယာဉ်ဖြင့် သွားရောက်ခဲ့ကြသော စစ်ဦးစီးအရာရှိချုပ် (ရေ) ဗိုလ်မှူးကြီး ဉာဏ်ထွန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးဗိုလ်မှူးကြီးဝေလွင်တို့ ခေါင်းဆောင်သည့် အဖွဲ့အား သွားရောက်ကြိုဆိုနှုတ်ဆက်ကြသည်။ (အောက်ပုံ)

စစ်ဦးစီးအရာရှိချုပ်(ရေ)ဗိုလ်မှူးကြီးဉာဏ်ထွန်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ဝေလွင်နှင့်အတူ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အထူးကု ဆရာဝန်ကြီးများလိုက်ပါသွားကြပြီး ဧပြီ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ကိုကိုးကျွန်းမြို့နယ် ပြည်သူများအား ကျန်းမာရေး ကြည့်ရှုစစ်ဆေးပြီး နား၊ နှာခေါင်း၊ လည်ချောင်း၊ မျက်စိ၊ရင်ခေါင်း၊ သွားနှင့်ခံတွင်း၊ သားဖွား မီးယပ်နှင့် ကလေးလူနာ ၁၇၅ ဦးတို့အား ခွဲစိတ်ကုသ ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧပြီ၁၂ရက်က ဗဟန်းမြို့နယ် အမှတ်(၂)အခြေခံ ပညာ အထက် တန်းကျောင်းအုပ် ဆရာမကြီး၊ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ရန်ကုန်တိုင်း ဒဂုံ မြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ ဦးလှထွန်းမေတ္တာ ရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်းသို့ ငွေပဒေသာပင် စိုက်ထူလှူဒါန်းငွေ ကျပ် နှစ် သိန်း ငါး သောင်း ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လှမြင့်က ဖောင်ဒေးရှင်း တည်ထောင်သူ ဥက္ကဋ္ဌ ဦးလှထွန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ဂုဏဝိသိဋ္ဌ ပူဇာသဘင်

ရန်ကုန် ဧပြီ ၁၃

ရွှေတိဂုံစေတီတော်(စနေထောင့်) ရွှေတောင်ငွေတောင်တန်ဆောင်းနိကာယ် ငါးရပ်ဝင် ဓမ္မသာကစ္ဆာအဖွဲ့ချုပ်၏ ဩဝါဒါစရိယ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗဟန်း မြို့နယ် အောင်မြေဘုံစံကျောင်းတိုက်၏ ဦးစီးပဓာန နာယက အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တပညိန္ဒာဘိဝံသ မထေရ်မြတ်အား နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခံရ ခြင်း အတွက် ဂုဏ်ပြုချီးကျူးပူဇော်ပွဲ အခမ်း အနားကို ဧပြီ ၂၅ ရက်တွင် ရန်ကင်း မြို့နယ် ဘောက်ထော် မာလာ မြိုင်လမ်းရှိ နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံတွင် အဘိဓမ္မာ ဝိသုဒ္ဓိမဂ်စာမေးပွဲ စာအောင် ဆုနှင်းသဘင် အခမ်းအနားနှင့်အတူ ပူးတွဲကျင်းပမည်ဟုသိရသည်။**(က–ပ)**

ရန်ကုန်ဂေါက်ကွင်း၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဧပြီ ၁၃

ရန်ကုန်ဂေါက်ကွင်း(တညင်းကုန်း)တွင် ဦးမျိုးဝင်း(အဲဗားဝင်းကုမ္ပဏီ)သည် ဧပြီ ၁၀ ရက် မွန်းလွဲ ၂ နာရီခွဲက ဂေါက်သီးရိုက်ကစားရာ ကျင်း အမှတ် ၁၅၊ ၁၅၅ ကိုက်အကွာမှ Precept D-Feel No.22 ဘောလုံး ကို သံတုတ်နံပါတ်(၆) King Cobra SSi တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်ခဲ့သည်။

ယင်းအချိန်တွင် ကစားဖော်များ အဖြစ် ဦးဦးမောင် (မန်နေဂျာ၊ ဓနိ တော၊ M.P.P.E)၊ ဗိုလ်မှူးကြီး ချိုသန်းမောင် (ဆိပ်ကမ်း)၊ ဦးကျော် မြင့်လှိုင်(ဆည်မြောင်း)နှင့် ဒုတိယ ဗိုလ်မှူးကြီးထိန်ဝင်း (ငြိမ်း)တို့လည်း ပါဝင် ကစားခဲ့ကြသည်။ **(က–ပ)**

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်ခန်းမတွင် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

■ *ရှေ့ဖုံးမှ*

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နှင့်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်သို့ ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား တက္ကသိုလ်ခန်းမ၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ် ပါမောက္ခချုပ်(တာဝန်) ဦးညီလှငယ်က တက္ကသိုလ်တွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် သင်တန်းများနှင့် ကျောင်းသားများ တက်ရောက်ပညာသင်ကြားနေမှု၊ တက္ကသိုလ်ရှိ သင်ကြားရေးဌာနများ ဖွဲ့စည်းထားရှိမှု၊ ပြည်ပနိုင်ငံများမှ ပညာရှင်များနှင့် ပြည်တွင်းမှ ပညာရှင်များက တက္ကသိုလ်သို့ လာရောက်ဆွေးနွေး သင်ကြားပို့ချမှုများ၊ အဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှုအခြေအနေများ၊ တက္ကသိုလ်အတွက် ဖြည့်ဆည်းပေးရန်လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးသောင်းက သင်ကြားရေးဆိုင်ရာကိစ္စများ၊ တက္ကသိုလ်အဆောက်အအုံ ဆောက်လုပ်မှုဆိုင်ရာ အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းက တက္ကသိုလ်၏ သင်ကြားရေးဆိုင်ရာကိစ္စများအတွက် ပံ့ပိုးဖြည့်ဆည်းပေးနိုင်သည်များကို ရှင်းလင်းတင်ပြသည်။

သီးခြားတက္ကသိုလ်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လိုအပ်သည်များကို စီမံဆောင်ရွက်ပေးပြီး မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်သည် သီးခြားတက္ကသိုလ်အဖြစ် အသစ် စတင်ထူထောင်ရခြင်း ဖြစ်သဖြင့် သင်ကြားရေး၊ တည်ဆောက်ရေး စသည်တို့၌ ပြည့်စုံမှုမရှိဘဲ အားနည်းချက်များ ရှိနိုင်ကြောင်း။

မည်သို့ပင်ဖြစ်စေ ရရှိလာသည့် အတွေ့အကြုံများအပေါ် အခြေခံ၍ ပို၍ပြည့်စုံအောင်၊ ပို၍တိုးတက်ကောင်းမွန်အောင် ပြုပြင်ဖြည့်ဆည်း ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

တက္ကသိုလ်၌ တာဝန်ထမ်းဆောင်မည့် ဆရာ ဆရာမများအား ပြည်ပတိုင်းပြည်များသို့ စေလွှတ်၍ ပညာသင်ယူစေခြင်း၊ ပြည်ပမှ ပညာရှင်များအား ညှိနှိုင်းခေါ်ယူ၍ သင်ကြားပို့ချစေခြင်းတို့ဖြင့် သင်ကြားပို့ချမှုအပိုင်းကို ထိရောက်အောင် စီမံရမှာဖြစ်ကြောင်း။

ပြည့်စုံအောင်ဖြည့်ဆည်း

ထို့အတူ တက္ကသိုလ်အတွက် ခေတ်မီသင်ကြားလေ့ကျင့်ရေးပစ္စည်းများ ပြည့်စုံအောင် ဖြည့်ဆည်းခြင်းတို့ဖြင့် အဆင့်အတန်းရှိသည့် တက္ကသိုလ်ဖြစ်အောင် ဖိဖိစီးစီး ထိထိရောက်ရောက် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

နိုင်ငံတော်၏ အနာဂတ်လေကြောင်းနှင့်အာကာသဆိုင်ရာ ပညာရှင်များကို မွေးထုတ်နိုင်မှသာ အခြားနိုင်ငံများနှင့်အတူ ရင်ပေါင်တန်း လိုက်နိုင်မှာဖြစ်ကြောင်း၊ ထို့ကြောင့် ဘာသာရပ်အသစ်၊ တက္ကသိုလ်အသစ်ဖြစ်သော်လည်း တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်သည့် ပညာရှင်များကို ပိုင်ပိုင်နိုင်နိုင် မွေးထုတ်နိုင်အောင် ကြိုးပမ်းစီမံဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း ရှင်းလင်းမှာကြား လမ်းညွှန်သည်။

နိုင်ငံတော်သစ်တည်ဆောက်

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ကျောင်းသစ်၊ ဆရာသစ်၊ ပညာသစ်များဖြင့် နိုင်ငံတော်သစ်ကို တည်ဆောက်သွားကြရန် အားပေးမှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် တက္ကသိုလ်၏ တည်ဆောက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ထွက်ခွာခဲ့ကြသည်။

(သတင်းစဉ်)

၁၃၆၅ခုနှစ် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာ့ရိုးရာအတာရေသဘင်မဏ္ဍပ်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၃

၁၃၆၅ခုနှစ် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာ့ရိုးရာ အတာရေသဘင်မဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို မဟာသင်္ကြန်အကျနေ့ဖြစ်သည့် ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံလမ်းနှင့် အမှတ်(၁) စက်မှုလမ်းမကြီးထောင့်ရှိ ပြည်ထဲရေးဝန်ကြီးဌာနဝင်းအတွင်း မြက်ခင်းပြင်၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့် ဇနီး ဒေါ်ခင်လှလှ၊ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့ တက်ရောက်ချီးမြှင့်ကြသည်။

ရှေးဦးစွာ၁၃၆၅ခုနှစ် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာ့ရိုးရာရေသဘင်မဏ္ဍပ်ဖွင့်ပွဲအဖြစ် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ လုပျိုဖြူလေးများက "ရေစင်သီတာတေး အလှခြွေစကား၊ ရွှေရင်ကြည်သာအေးမြစေသား" ဖွင့်ပွဲတေးသီချင်းကို သီဆိုပြီး ယိမ်းအဖွဲ့ဝင်များက မြန်မာ့ရိုးရာယဉ်ကျေးမှု အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ ဝန်ကြီးဗိုလ်မှူးကြီးတင်လှိုင်၊ ဇနီးဒေါ်ခင်လှလှ၊ ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်တို့က ပြည်ထဲရေးဝန်ကြီးဌာနမိသားစုများအားအတာရေများဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် မွန်တိုင်းရင်းသားတိုင်းရင်းသူ လေ့လာရေးအဖွဲ့ဝင်များက သင်္ကြန်အကဖြင့် ပြန်လည်ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကိုက မွန်တိုင်းရင်းသားတိုင်းရင်းသူ လေ့လာရေးအဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်သည်။

မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ပါဝင်ဆင်နွှဲရန် ရန်ကုန်မြို့သို့ ရောက်ရှိနေကြသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် စစ်ဆောင်ပနား ယဉ်ကျေးမှုအဖွဲ့ဝင် ၃၄ ဦးတို့အား မဟာသင်္ကြန် အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်သည်။

(သတင်းစဉ်)

နန်းမြို့သူမဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲကျင်းပ သပြေခက်ဖြင့်အတာရေပက်ဖျန်း

ရန်ကုန် ဧပြီ ၁၃

၁၃၆၅ခုနှစ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မိသားစု "နန်းမြို့သူ" မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၄ နာရီတွင် မန္တလေးနန်းမြို့ ကျုံးတောင်ဘက် ၂၆ လမ်းနှင့် ၇၃ လမ်းထောင့် နန်းမြို့သူမဟာသင်္ကြန်မဏ္ဍပ်၌ ကျင်းပရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးကိုယ်စား ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်း တက်ရောက်၍ နန်းမြို့သူ မဟာသင်္ကြန်မဏ္ဍပ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းနှင့် ဇနီး ဒေါ်နန်းအေးမြ၊ စစ်ဗျူဟာမှူးများ၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ တပ်ရင်း တပ်ဖွဲ့မှူးများနှင့် ၄င်းတို့၏ ဇနီးများ၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ကြည်သိန်းနှင့် အဖွဲ့ဝင်များ၊ မန္တလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦးနှင့် ဖိတ်ကြားထားသူများ၊ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်မိသားစုများ၊ သင်္ကြန်ယိမ်းအကအဖွဲ့ဝင်များ၊ အနုပညာဦးစီးဌာနယဉ်ကျေးမှု တေးဂီတအဖွဲ့ဝင်များ၊ သင်္ကြန်ချစ်သူပြည်သူများတက်ရောက်ကြသည်။ ဖွင့်ပွဲအပြီးတွင် ဒုတိယတိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အခမ်းအနား တက်ရောက်လာကြသူများ၊ သင်္ကြန်အကအဖွဲ့များနှင့် ဧည့်သည်တော်များအား သပြေခက်ဖြင့် အတာရေ အပြန်အလှန် ပက်ဖျန်းကြသည်။ **(သတင်းစဉ်)**

ဆာယာမိသားစု ရေကစားမဏ္ဍပ်ဖွင့်လှစ်

ရန်ကုန် ဧပြီ ၁၃

၁၃၆၅ခုနှစ် မဟာသင်္ကြန်အကျနေ့တွင် ဌေးမိသားစု၊ ဆင်သုံးကောင်ကုမ္ပဏီနှင့် ဆာယာ အဆင့်မြင့်စားသောက်ဆိုင်မိသားစုတို့၏ မဟာသင်္ကြန်ရေကစားမဏ္ဍပ်နှင့် ဖျော်ဖြေရေးအစီအစဉ်များ ဖွင့်လှစ်ပွဲကို ယမန်နေ့ ညနေ ၃ နာရီက မရမ်းကုန်းမြို့နယ် ဥက္ကာလမ်း (အလယ်) ရန်ကုန်လေဆိပ်အနီး၌ကျင်းပရာ မန်နေဂျင်းဒါရိုက်တာဦးလှဌေးနှင့် ဇနီး ဒေါ်ယဉ်ယဉ်လှတို့က နှစ်သစ်မင်္ဂလာ နှုတ်ခွန်းဆက်စကားပြောကြားပြီး ရေကစားမဏ္ဍပ်ကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြောင်း သတင်းရရှိသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဗိုလ်ချုပ်အောင်မင်း မြစ်ကြီးနား-မန္တလေးရထားလမ်းပိုင်းကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၁၃

ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီးဦးဖေသန်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဧပြီ၉ရက်တွင် မြစ်ကြီးနား-မန္တလေး ရထားလမ်းပိုင်းမှ မြစ်ကြီးနား-မိုးညှင်းအပိုင်းအထိ ရထားလမ်းတစ်လျှောက် သံလမ်းလဲလှယ်မှု၊ ကျောက်ဖြည့်တင်းမှု၊ ကွန်ကရစ်ဇလီဖားလဲလှယ်မှု၊ ရထားလမ်း ဝဲ/ယာတစ်လျှောက် ချုံနွယ်များခုတ်ထွင်ရှင်းလင်းထားရှိမှု၊ တောင်နံရံများ၏ မြေထိန်းနံရံများ ရေစီးရေထုတ်ကောင်းမွန်အောင် ဆောင်ရွက်ထားရှိမှု၊ ဘူတာရုံများ သန့်ရှင်းသာယာလှပမှုရှိအောင် ဆောင်ရွက်ထားရှိမှု၊ ပြည်ထောင်ဘူတာနှင့် မရမ်းဘူတာကြား ဝန်ထမ်းလုပ်သားများ၏ ကွန်ကရစ်ဇလီဖား အစားထိုးလဲလှယ်မှုလုပ်ငန်း၊ သံလမ်းခင်း ကျောက်ရိုက်သွင်းဖြည့်ဆည်းမှုနှင့် ကြာကြီးကွင်းဘူတာနှင့် ဟိုပင်ဘူတာကြားရှိ တံတားအမှတ်(၆၂၃) ဟိုပင်တံတား ကြံ့ခိုင်မှုအခြေအနေ၊ ရေစီးရေတိုက်စားမှုအခြေအနေနှင့် ရေလမ်းကြောင်း ကာကွယ်ထိန်းသိမ်းမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ဧပြီ၁၀ရက်တွင် မြစ်ကြီးနား-မန္တလေး ရထားလမ်းပိုင်းမှ မိုးညှင်း-မန္တလေးအပိုင်းနှင့် မဲဇာဘူတာနှင့် ဘုံချောင်းဘူတာကြားရှိ တံတားအမှတ်(၄၀၈) မဲဇာတံတား၏ ကြံ့ခိုင်မှုအခြေအနေ၊ ဘုံချောင်းကျွေ့၌ မြေထိန်းနံရံများ တည်ဆောက်ထားရှိမှု၊ ပြုပြင်ထိန်းသိမ်းမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကောလင်းဘူတာ ယာ့ဒ်ဝင်းအတွင်းရှိ လမ်းခရီးပိုင်းတွဲနှင့် စက်ခေါင်းပြင်စက်ရုံသို့ရောက်ရှိ၍ စက်ခေါင်းများပြင်ဆင်နေမှုနှင့် ဘိုဂီများပြင်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ကောလင်း-ရွှေဘို-မန္တလေးရထားလမ်းပိုင်းတစ်လျှောက် ရထားလမ်း အဆင့်မြှင့်လုပ်ငန်းများဖြစ်သည့် ၇၅ပေါင် သံလမ်းများလဲလှယ်ပြီးစီးမှု၊ သစ်သားဇလီဖားအစားထိုး ကွန်ကရစ်ဇလီဖားများ လဲလှယ်ပြီးစီးမှု၊ သံလမ်းခင်းကျောက်များ ရိုက်သွင်းဖြည့်ဆည်းမှုနှင့် ဘူတာရုံများ သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧပြီ ၁၂ ရက်က ဖော်လူဂျာမြို့တွင် သံသယရှိသော အီရတ်တစ်ဦးကို ဖမ်းဆီးပြီး လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဖော်လူဂျာမြို့မှ မရိန်းတပ်များ ရုပ်သိမ်းသွားလျှင် အပစ်အခတ်ရပ်စဲရေးသဘောတူမည်ဟု ပြောက်ကျားတို့ပြောကြား

ဘဂ္ဂဒက် ဧပြီ ၁၂

ဖော်လူဂျာမြို့မှနေ၍ မရိန်းတပ်ဖွဲ့ဝင်များရုပ်သိမ်းသွားလျှင် အပစ်အခတ်ရပ်စဲရေးကို ဖော်လူဂျာရှိ အမေရိကန်တပ်များကို တိုက်ခိုက်နေသည့် အီရတ်ခုခံတိုက်ခိုက်ရေးပြောက်ကျားများက သဘောတူမည်ဖြစ်ကြောင်း အီရတ်စေ့စပ်ဆွေးနွေးရေးအဖွဲ့က စနေနေ့၌ ပြောကြားသည်။

ဖော်လူဂျာမြို့ပြင် သုံးမိုင်ခန့်ထိ အမေရိကန်တပ်များ ရုပ်သိမ်းသည်ကို ၎င်းတို့မြင်လိုကြောင်း အီရတ် အစ္စလမ္မစ်ပါတီ ပြောခွင့်ရှိသူ ကာတန်အယ်လ်ရူဘေအီက ရိုက်တာသို့ ပြောကြားသည်။

ရူဘေအီသည် သူ၏ပါတီအဖွဲ့ဝင်များနှင့် ဘဂ္ဂဒက်မှ အီရတ် ဘာသာရေးခေါင်းဆောင်များက ဖော်လူဂျာရှိ ဘာသာရေး၊ လူမျိုးစု အစိုးရအရာရှိများနှင့် ဆွေးနွေးအပြီး၌ ထိုသို့ပြောကြားခြင်း ဖြစ်သည်။

၎င်းက မိမိတို့တွေ့ဆုံခဲ့သော ဖော်လူဂျာခေါင်းဆောင်များသည် ဖော်လူဂျာမြို့တွင်းရှိ အမေရိကန်မရိန်းတပ်များကို တိုက်ခိုက်နေသော အီရတ်တိုက်ခိုက်ရေးပြောက်ကျားများနှင့် အဆက်အသွယ်ရှိကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်ကိုကျူးကျော်မှုအဆုံးသတ်ပြီး ထိန်းချုပ်မှုကို ကုလသို့ လွှဲပေးသင့် ကန်ကျူးကျော်မှုအပေါ် ဂျာမနီဂရင်းပါတီက ဝေဖန်ပြောကြား

ဘာလင် ဧပြီ ၁၂

အမေရိကန်ပြည်ထောင်စုသည် အီရတ်ကျူးကျော်မှုကိုအဆုံးသတ်ပြီး အီရတ်နိုင်ငံထိန်းချုပ်မှုကို ကုလသမဂ္ဂသို့ လွှဲပြောင်းပေးသင့်ကြောင်း ဂျာမနီဂရင်းပါတီ တွဲဖက်ခေါင်းဆောင် အင်ဂျီလီကာဘီယာက စနေနေ့၌ ပြောကြားလိုက်သည်။

ဘီယာ၏ ဂရင်းပါတီသည် ဝန်ကြီးချုပ်ဂါဟာ့ဒ်ရှရိဒါ၏ ဆိုရှယ်ဒီမိုကရက် ညွန့်ပေါင်းအဖွဲ့တွင်ပါဝင်သော ပါတီငယ်ဖြစ်သည်။ ၎င်းသည် ပါတီ၏ ကာကွယ်ရေးမူဝါဒကျွမ်းကျင်သူလည်း ဖြစ်သည်။

ပြောကြား

အမေရိကန်တို့အနေဖြင့် ကုလသမဂ္ဂသို့ အီရတ်အား ဘက်ပေါင်းစုံထိန်းချုပ်ထားခြင်းကို လုံးဝလွှဲပြောင်းပေးရန်နှင့် ၎င်းတို့၏ သိမ်းပိုက်မှုအနေအထားကို လက်လွှတ်ဖို့အပြင် အခြားရွေးချယ်စရာမရှိဟု မိမိယုံကြည်ကြောင်း ဘီယာက ပြောကြားသည်။

အခြေအနေသည် နေ့စဉ်ပိုဆိုးလာကြောင်းကို ဖော်လူဂျာ၌ဖြစ်ပွားသည့် တိုက်ပွဲက ပြနေကြောင်း၊ မိမိတို့မှားခဲ့ကြောင်း၊ လက်ဦးမှုယူပြီး တိုက်ခြင်းသည် မှန်ကန်သောအဖြေမဟုတ်ရာ တာဝန်ရှိမှုကို ကုလသမဂ္ဂသို့ မိမိတို့ လွှဲပြောင်းပေးရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ဖော်လူဂျာ၌ တိုက်ပွဲများဆက်ဖြစ်ပွား အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရ

ဘဂ္ဂဒက် ဧပြီ ၁၂

ဖော်လူဂျာ၌ တနင်္ဂနွေနေ့က ဖြစ်ပွားခဲ့သောတိုက်ပွဲများတွင် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရခဲ့ပြီး ခုခံတိုက်ခိုက်ရေးပြောက်ကျားတစ်ဦး သေဆုံးခဲ့သည်ဟု ကာတာအခြေစိုက် အယ်လ်ဂျာဇီရာ ရုပ်မြင်သံကြားက ထုတ်လွှင့်သည်။

ဖော်လူဂျာ၌ တိုက်ခိုက်မှုများအဆုံးသတ်စေရန် စေ့စပ်ဆွေးနွေးသူများက တတိယအကြိမ် အစည်းအဝေးပြုလုပ်နေချိန်၌ အပစ်အခတ်ရပ်စဲရေး သဘောတူချက် ရှိထားသော်လည်း ထိုသို့တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ဝိုင်းထားသော ဖော်လူဂျာမြို့၏ ဆင်ခြေဖုံးတစ်ခုတွင် အမေရိကန်တပ်ဖွဲ့ဝင်များ ကင်းလှည့်စဉ် လက်ဖြောင့်သေနတ်သမားတစ်ဦးက ပစ်ခတ်သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရခြင်းဖြစ်ကြောင်း ရုပ်မြင်သံကြားက သတင်းထုတ်လွှင့်သည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘောဒီးယားနှင့်ထိုင်း စီးပွားရေးပူးပေါင်းမည်

ဖနွမ်းပင် ဧပြီ ၁၀

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်သည် ကမ္ဘောဒီးယားနိုင်ငံ၌ အလည်ရောက်ရှိနေသော ထိုင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဝါတာနာမူအန်ဆွတ်ခ်နှင့် သောကြာနေ့က တွေ့ဆုံပြီး နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး ခိုင်မာစေမည့်နည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်။

မိမိအဖွဲ့သည် ဝန်ကြီးချုပ်သက်ဆင်ရှီနာဝါတရာ၏ အကြံပေးချက်အရ ကမ္ဘောဒီးယားသို့လာရောက်ခြင်းဖြစ်ကြောင်း ဝန်ကြီး ဝါတာနာက ဝန်ကြီးချုပ်ဟွန်ဆန်ကို ပြောကြားကြောင်း ဟွန်ဆန်၏ ကိုယ်ရေးအရာရှိ ဒါရင်းလ်အက်စ်အန်းက သတင်းထောက်များကို ပြောကြားသည်။

မိမိလာရောက်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ အောင်မြင်မှုအခြေအနေဖန်တီးရာတွင် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးတက်ခိုင်မာစေရန်ဖြစ်ကြောင်း ဝါတာနာက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

နာဂျက်ဖ်မြို့ကို ဆာဒါ၏တပ်ဖွဲ့ဝင်များ ထိန်းချုပ်ထားဆဲ

ဘဂ္ဂဒက် ဧပြီ ၁၂

အီရတ်နိုင်ငံ ဖော်လူဂျာမြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ခုခံတိုက်ခိုက်ရေးသမားများအကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီထားပြီးဖြစ်သော်လည်း တိုက်ခိုက်မှုများရှိနေဆဲဖြစ်ကြောင်း သိရသည်။

အမေရိကန်တပ်ဖွဲ့ဝင်များသည် လက်နက်ငယ်များ၊ စိန်ပြောင်းများဖြင့် ပစ်ခတ်ခံနေရဆဲဖြစ်ပြီး စေ့စပ်ညှိနှိုင်းရေးအဖွဲ့ တစ်ဖွဲ့က ဖော်လူဂျာမြို့၌ သွားရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

သေဆုံး

ဘဂ္ဂဒက်မြို့တောင်ပိုင်း၌လည်း ယခုသီတင်းပတ်အတွင်း ပြည်သူ့စစ်များနှင့် တိုက်ခိုက်မှုများဖြစ်ပွားခဲ့ခြင်းကြောင့် အနည်းဆုံး အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးပြီး အီရတ်လူမျိုး တစ်ရာခန့်သေဆုံးခဲ့သည်။

နာဂျက်ဖ်မြို့ကို ထိန်းချုပ်ထားဆဲဖြစ်သော အီရတ်ခေါင်းဆောင် အယ်ဆာဒါ၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက အမေရိကန်ဆန့်ကျင်ရေး တိုက်ပွဲများကို အားပေးထောက်ခံသည့်အနေဖြင့် အခြားအီရတ်လူမျိုးအုပ်စုများက နိုင်ငံခြားသားများကို ဓားစာခံအဖြစ် ဖမ်းဆီးထားခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

(စီစီတီဗွီ)

ဧပြီ ၁၂ ရက်က ဘဂ္ဂဒက်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့သွားသည့် လမ်းပေါ်တွင် အမေရိကန်စစ်ယာဉ်တစ်စီး တိုက်ခိုက်ခံရပြီး မီးလောင် ပျက်စီးနေသည်ကို အီရတ်တို့ကြည့်ကာ အောင်ပွဲခံနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အပစ်အခတ်ရပ်စဲရေးသဘောတူညီရန် အီရတ်ခုခံတိုက်ခိုက်ရေးသမားများအား ကန်စစ်ဘက်က တိုက်တွန်း

ဘဂ္ဂဒက် ဧပြီ ၁၂

ဖော်လူဂျာရှိ မျိုးနွယ်စုဘာသာရေးနှင့် အဖွဲ့အစည်းခေါင်းဆောင်များသည် ဖော်လူဂျာ၌ အမေရိကန်တပ်ဖွဲ့ဝင်များကို တိုက်ခိုက်နေသော ခုခံတိုက်ခိုက်ရေးသမားများအား တနင်္ဂနွေနေ့ နံနက်ပိုင်းမှစပြီး အပစ်အခတ်ရပ်စဲရေး သဘောတူချက်အား လေးစားလိုက်နာရန် တိုက်တွန်းကြလိမ့်မည်ဟု အီရတ်စေ့စပ်ဆွေးနွေးရေးအဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

စနေနေ့၌ ဖော်လူဂျာသို့သွားရောက်ခဲ့သော အီရတ်ကိုယ်စားလှယ်အဖွဲ့၏ အစိတ်အပိုင်းဖြစ်သည့် အီရတ် အစ္စလမ္မစ်ပါတီ၏ အဖွဲ့ဝင် ကာတန်အယ်လ်ဂူဘေအီက အပစ်အခတ်ရပ်စဲရေး သဘောတူချက်သည် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီမှ စမည်ဖြစ်ကြောင်း ပြောဆိုသည်။

ဂူဘေအီသည် ဘဂ္ဂဒက်သို့ ကိုယ်စားလှယ်အဖွဲ့ပြန်ရောက်ပြီးနောက် ပြောကြားခြင်းဖြစ်ပြီး ဖော်လူဂျာ၌ ဆွေးနွေးခဲ့သည်များကို အီရတ်အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာ အပါအဝင် အမေရိကန်အရာရှိများအား အကျဉ်းချုံး ရှင်းလင်းပြောဆိုခဲ့သည်။

အပစ်အခတ်ရပ်စဲရေးသည် ဖော်လူဂျာမြို့တွင်းမှ အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေးကိစ္စ ဆွေးနွေးပွဲများအတွက် လမ်းပွင့်သွားမည်ဖြစ်ကြောင်း ဂူဘေအီက ပြောကြားသည်။

အမေရိကန်စစ်ဘက်ဆိုင်ရာက သောကြာနေ့၌ တစ်ဖက်သတ် အပစ်ရပ်စဲကြောင်း ကြေညာခဲ့ပြီး စနေနေ့တွင် နှစ်နိုင်ငံ အပစ်ရပ်စဲရေးသဘောတူရန် တိုက်တွန်းခဲ့သည်။ ထိုသို့ဆိုသော်လည်း တိုက်ခိုက်မှုသည် ရပ်သွားခြင်းမရှိဘဲ လွန်ခဲ့သည့်အပတ်၌ လူရာပေါင်းများစွာ သေဆုံးခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်၌ပြန်ပေးဆွဲမှုများ အခြားနိုင်ငံများအပေါ် အကျိုးသက်ရောက်

ဘဂ္ဂဒက် ဧပြီ ၁၂

အီရတ်နိုင်ငံ၌ဖြစ်ပွားလျက်ရှိသော ပြန်ပေးဆွဲမှုများကြောင့် နိုင်ငံအများအပြားအပေါ် အကျိုးသက်ရောက်လျက်ရှိကြောင်း သိရသည်။

နောက်ဆုံးရရှိသော သတင်းအရ ဖော်လူဂျာမြို့အနီးတွင် တရုတ်နိုင်ငံသားခုနစ်ဦး ယမန်နေ့က ပြန်ပေးဆွဲခံရကြောင်း တရုတ်နိုင်ငံက ပြောကြားခဲ့သည်။

လွန်ခဲ့သောသီတင်းပတ် နှောင်းပိုင်းက ပြန်ပေးဆွဲခံထားရသော ဂျပန်လူမျိုးသုံးဦးနှင့်ပတ်သက်ပြီး မသိရသေးကြောင်း ဂျပန်နိုင်ငံက ပြောကြားခဲ့သည်။ အမေရိကန်အရပ်သားတစ်ဦး ဖမ်းဆီးခြင်းခံရလျက်ရှိကာ စနေ့က ထွက်ပေါ်လာသော ဗီဒီယိုတိပ်ခွေ၌ ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များ ထွက်ခွာသွားရန် ပြန်ပေးဆွဲသူများက တောင်းဆိုခဲ့သည်။ ဂျော်ဒန်မှ ဘဂ္ဂဒက်သို့ သွားရာလမ်းတွင် ပျောက်ဆုံးသွားသော ဂျာမနီ လုံခြုံရေးဝန်ထမ်းနှစ်ဦးလည်း သေဆုံးသွားပြီဟု ယုံကြည်ယူဆရကြောင်း သိရသည်။ **(စီအင်န်အင်န်)**

စီးနင်းရှာဖွေရန်ကြိုးစား

ဧပြီ ၁၂ ရက်က ဖော်လူဂျာမြို့တွင် အိမ်များအတွင်း စီးနင်းရှာဖွေမှုပြုလုပ်ရန် ကြိုးစားနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ဖြစ်ပွားနေသော ပစ်ခတ်တိုက်ခိုက်မှုများ အိမ်နီးချင်းနိုင်ငံများ၌ ဂယက်ရိုက်မည်ကို ကူဝိတ်စိုးရိမ်

ကူဝိတ် ဧပြီ ၁၂

အီရတ်နိုင်ငံ၌ဖြစ်ပွားသော ပစ်ခတ်တိုက်ခိုက်မှုသည် အီရတ်နိုင်ငံအား အစိတ်စိတ်ပြိုကွဲမှုအဖြစ်သို့ ရောက်ရှိသွားပြီး အိမ်နီးချင်းနိုင်ငံများတွင် ဂယက်ရိုက်ခတ်လာမည်ကို ကူဝိတ်နိုင်ငံကစိုးရိမ်ကြောင်း ကူဝိတ်ဝန်ကြီးချုပ်က တနင်္ဂနွေနေ့၌ ပြောဆိုချက်ကို အယ်လ်ရေးအယ်လ်အမ်သတင်းစာက ကိုးကားဖော်ပြခဲ့သည်။

ဤအတိုင်း အီရတ်၌ဆက်ပြီး ပစ်ခတ်တိုက်ခိုက်မှုများဖြစ်နေမည်ဆိုလျှင် အီရတ်နိုင်ငံပြိုကွဲမှုသို့ ဦးတည်သွားနိုင်သည်ကို မိမိစိုးရိမ်ကြောင်း ဝန်ကြီးချုပ် ရှိခ်ဆာဘားအယ်လ်အာမက်အယ်လ်ဆာဘားက ပြောကြားကြောင်း သတင်းစာက ကိုးကားဖော်ပြသည်။

ပြိုကွဲစေမည်

အမေရိကန်တို့အနေဖြင့် အီရတ်တို့အား အချုပ်အခြာအာဏာလွှဲပြောင်းပေးအပ်မည့် ဇွန် ၃၀ နောက်ဆုံးရက်ကိုပြန်လည်စဉ်းစားသင့်ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်ဟု အယ်လ်အန်ဘားသတင်းစာက ရေးသားသည်။ အကယ်၍ အမေရိကန်ပြည်ထောင်စုက သတ်မှတ်ထားသော နောက်ဆုံး ရက်ကို စွဲမြဲထားမည်ဆိုလျှင် အီရတ်နိုင်ငံအစိတ်စိတ်ပြိုကွဲမှုဖြစ်စေမည့် အကြောင်းအရာဖြစ်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အခြေအနေသည် မိမိနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံများကိုလည်း ဂယက်ရိုက်နိုင်သည်ကို မိမိစိုးရိမ်ကြောင်း ရှိခ်ဆာဘားက ပြောကြားသည်။ အမေရိကန်သို့မဟုတ် အပေါင်းပါတပ်ဖွဲ့ဝင်များနှင့် အီရတ်ခုခံတိုက်ခိုက်ရေးပြောက်ကျားတို့ ယခုသီတင်းပတ်အတွင်း တိုက်ပွဲများ ဖြစ်ပွားခဲ့ရာတွင် အီရတ်ရာပေါင်းများစွာနှင့် အမေရိကန် သို့မဟုတ်အပေါင်းပါတပ်ဖွဲ့ဝင် ၅၂ဦးသေဆုံးခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ပြန်ပေးဆွဲခံရသည့် ဗြိတိသျှအရပ်သားတစ်ဦး ဖမ်းဆီးခံထားရာမှ ပြန်လွတ်မြောက်လာ

လန်ဒန် ဧပြီ ၁၂

အီရတ်နိုင်ငံ၌ ပြန်ပေးဆွဲခံရသော ဗြိတိသျှအရပ်သား ကန်ထရိုက်တစ်ဦးသည် ခြောက်ရက်ကြာ ဖမ်းဆီးခြင်းခံရပြီးနောက် ပြန်လည်လွတ်မြောက်လာပြီဖြစ်ကြောင်း ဗြိတိသျှနိုင်ငံခြားရေးရုံးမှ တနင်္ဂနွေနေ့က ပြောကြားသည်။

မစ္စတာ တီးလီသည် လွတ်မြောက်သွားပြီဟု မိမိ အတည်ပြုပြောကြားနိုင်ကြောင်း၊ ပူးပေါင်းတပ်ဖွဲ့ဝင်များနှင့်အတူ လုံခြုံဘေးကင်းစွာ တည်ရှိကြောင်း နိုင်ငံခြားရေးပြောရေးဆိုခွင့် ပုဂ္ဂိုလ်က သတင်းထောက်များကို ပြောကြားသည်။

အသက် ၃၇နှစ်အရွယ်ရှိသော ဂါရီတီးလီသည် ၎င်းအလုပ်လုပ်ကိုင်လျက်ရှိသည့် အီရတ်နိုင်ငံတောင်ပိုင်း နာဆီရီယာမြို့မှ တနင်္လာနေ့က ပျောက်ကွယ်သွားခြင်းဖြစ်သည်။ ၎င်းသည် အရှေ့အလယ်ပိုင်းရှိ ပင်းမင်းကုမ္ပဏီတစ်ခု၌ လုပ်ကိုင်နေသူဖြစ်ကြောင်း နိုင်ငံခြားရေးရုံးက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဧပြီ ၁၂ရက်က ဘဂ္ဂဒက်မြို့တွင် စစ်ယာဉ်တစ်စီးဖြင့် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်ရှိအမေရိကန်တပ်များ အကျပ်အတည်းဖြင့် ရင်ဆိုင်နေရ

ဖော်လူဂျာ ဧပြီ ၁၂

အီရတ်နိုင်ငံသည် အမေရိကန်ဆန့်ကျင်ရေးစိတ်ဓာတ်များဖုံးလွှမ်းနေကာဖော်လူဂျာနှင့်ဘဂ္ဂဒက်မြို့တို့တွင် အပြင်းထန်ဆုံးဖြစ်သည်။ ဖော်လူဂျာမြို့တွင် ဖြစ်ပွားသော တိုက်ခိုက်မှုများကြောင့် အီရတ်လူမျိုး ၄၅၀ ခန့် သေဆုံးခဲ့ကာ ၎င်းတို့သည် ဖော်လူဂျာမြို့ကို အမေရိကန်တို့ရန်မှ ကာကွယ်ရင်း သေဆုံးခဲ့သော အာဇာနည်များဖြစ်ကြောင်း ဒေသခံများက ပြောဆိုခဲ့ကြသည်။ ဒဏ်ရာရရှိသူများလည်း ထောင်ချီပြီး အရပ်သားအများစုပါဝင်သည်။ အီရတ်ဆိုင်ရာအမေရိကန်အရပ်ဘက်အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာသည် ပထမဆုံးအကြိမ်အဖြစ် အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များ အကျပ်အတည်းနှင့် ရင်ဆိုင်နေရကြောင်း ဝန်ခံပြောကြားလိုက်သည်။

(စီအက်ဖ်အိုင်)

ပျောက်ဆုံးနေသော ဂျာမန်လုံခြုံရေးအရာရှိနှစ်ဦး အသတ်ခံရဖွယ်ရှိဟု ဂျာမန်နိုင်ငံကပြောကြား

ဘာလင် ဧပြီ ၁၂

လွန်ခဲ့သည့်သီတင်းပတ်၌ ဂျော်ဒန်မှဘဂ္ဂဒက်သို့သွားသော ဂျာမန်လုံခြုံရေး အရာရှိနှစ်ဦးသည် အတိုက်ခံရပြီး ပျောက်ဆုံးနေခဲ့ရာ အသတ်ခံကြရဖွယ်ရှိကြောင်း ဂျာမန် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရ အမျိုးသမီးက တနင်္ဂနွေနေ့တွင် ပြောကြားလိုက်သည်။

တိုက်ခိုက်ခံရ

အဆိုပါဂျာမန်လုံခြုံရေးအရာရှိနှစ်ဦးသည် ဘဂ္ဂဒက်ရှိ ဂျာမန်သံရုံးသို့အသွား လမ်းခရီးတွင် ဗုဒ္ဓဟူးနေ့က တိုက်ခိုက်ခံရခြင်းဖြစ်သည်။ ရရှိသောသတင်းများအပေါ် အခြေခံလျက် ၎င်းတို့နှစ်ဦး အသတ်ခံရဖွယ်ရှိကြောင်း ပြောခွင့်ရ အမျိုးသမီးက ပြောကြားသည်။ သို့ရာတွင် အတည်ပြုနိုင်သည့် နောက်ဆုံးသတင်းကို မရရှိဘဲဖြစ်သည်ဟု ဆိုသည်။

ပြသခဲ့

ဗြိတိသျှ ဒေးလီးကယ်လီဂရပ်ဖ်သတင်းစာက ဂျာမန်နှစ်ဦးအနက် တစ်ဦးဖြစ်သည်ဟု အီရတ်ပြောက်ကျားများက ပြောဆိုသော သေဆုံးနေသည့် အလောင်းတစ်လောင်းကို ဖော်ပြခဲ့သည်။ ဒေးလီးဂရပ်ဖ်သတင်းထောက်က ဂျာမန်နှစ်ဦး၏ အလောင်းများကို ပြောက်ကျားတို့သည် မိမိအားပြသခဲ့သည်ဟု ပြောဆိုသည်။

ရှာတွေ့

ဂျာမန်လုံခြုံရေးအရာရှိ နှစ်ဦးသည် ဖော်လူဂျာအနီး၌ ပျောက်ဆုံးသွားခဲ့ကြောင်း ပြောဆိုပြီး ဂျာမန်အေအာဒီ ရုပ်မြင်သံကြားဌာနက ပစ်ခတ်ခြင်း ခံရသဖြင့် အကြီးအကျယ် ပျက်စီးပြီး စွန့်ပစ်ထားခဲ့သော ထိုလုံခြုံရေးအစောင့်နှစ်ဦး၏ကားကို ရှာတွေ့ခဲ့ကြောင်း ပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်ခုခံတိုက်ခိုက်ရေးသမားများနှင့် ကန်တပ်များတိုက်ပွဲဖြစ်ပွား အမေရိကန်တပ်ဖွဲ့ဝင်ရှစ်ဦးသေဆုံးကြောင်း ကန်စစ်ဘက်ကကြေညာ

ဘဂ္ဂဒက် ဧပြီ ၁၂

အီရတ်ခုခံတိုက်ခိုက်ရေးပြောက်ကျားများနှင့် လွန်ခဲ့သည့်နှစ်ရက်တွင် ဖြစ်ပွားခဲ့သောတိုက်ခိုက်မှုများ၌ အမေရိကန်တပ်ဖွဲ့ဝင် ရှစ်ဦး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က ဖော်ပြသည်။

အမှတ်(၁)သံချပ်ကာတပ်မှ တပ်ဖွဲ့ဝင်လေးဦးသည် ဘဂ္ဂဒက်၌ ဧပြီ ၉ ရက်တွင် ဖြစ်ပွားခဲ့သော သီးခြားတိုက်ခိုက်မှုနှစ်ခုတွင်သေဆုံးခဲ့ပြီး အမှတ်(၁) ခြေမြန်တပ်မှတပ်ဖွဲ့ဝင်သုံးဦးသည် ဘဂ္ဂဒက်မြောက်ဘက် တီကရစ်အနီး ချုံခိုတိုက်ခိုက်ခံရပြီး သေဆုံး၍ နှစ်ဦးဒဏ်ရာရခဲ့ကြောင်း ကြေညာချက်၌ ဖော်ပြထားသည်။

ဧပြီ ၁၀ ရက်၌ ဘဂ္ဂဒက်အနောက်ဘက် အယ်လ်အန်ဘာပြည်နယ်၌ တိုက်ပွဲဖြစ်ပွားခဲ့ရာတွင် မရိန်းတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့ကြောင်း ကြေညာချက်၌ ဖော်ပြခဲ့သော်လည်း တိုက်ပွဲဖြစ်ပွားမှု အသေးစိတ်ကိုမူ ဖော်ပြခြင်းမရှိပေ။

ဘဂ္ဂဒက်အနောက်ဘက်တွင် တနင်္ဂနွေနေ့က မြေပြင်မှပစ်ချမှုကြောင့် အပါချီရဟတ်ယာဉ်ပျက်ကျခဲ့သဖြင့် ရဟတ်ယာဉ်ပေါ်ပါရှိသူ တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ရပြီးနောက် အမေရိကန်စစ်ဘက်ဆိုင်ရာက အဆိုပါ တိုက်ခိုက်မှုများနှင့် သေဆုံးမှုများကို သတင်းထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

လွန်ခဲ့သည့်မတ်လတွင် အီရတ်စစ်ပွဲစတင်ဖြစ်ပွားခဲ့ချိန်မှစပြီး တိုက်ပွဲ၌ အမေရိကန်တပ်ဖွဲ့ဝင် ၄၆၇ ဦးထက်မနည်း သေဆုံးခဲ့ခြင်းဖြစ်သည်။ ၆၀ထက်မနည်းမှာ လွန်ခဲ့သည့် ၁၀ ရက်အတွင်း ဖော်လူဂျာနှင့် ရာမာဒီ၌ ဖြစ်ပွားသော တိုက်ခိုက်မှုများတွင် သေဆုံးခဲ့ခြင်းဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**

အာဆီယံနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ယခုနှစ်တွင် ဆက်လက်ခိုင်မာနေမည်ဟု မျှော်မှန်း

စင်ကာပူ ဧပြီ ၈

အာဆီယံနိုင်ငံများသည် ယခုနှစ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် ဆက်လက်ခိုင်မာနေမည်ဟု စင်ကာပူနိုင်ငံတွင် တစ်ရက်ကြာ တွေ့ဆုံဆွေးနွေးမှု အဆုံးသတ်ပြီးနောက် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)မှ ဘဏ္ဍာရေးဝန်ကြီး ၁၀ ဦးက ခန့်မှန်းခဲ့သည်။

ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံခြားကို အခြေခံရမည်ဟုမျှော်လင့်ရပြီးတိုးချဲ့ရန်အတွက်ပြည်တွင်းနှင့်ပြည်ပ တောင်းဆိုမှုနှစ်ခုစလုံး၏ တွန်းအားများရှိရမည်ဖြစ်ကြောင်း ၎င်းတို့က ပြောသည်။

ထို့ပြင် ပိုမိုဖွံ့ဖြိုးတိုးတက်ရန် ၎င်းတို့၏ ဘဏ္ဍာရေးဈေးကွက် ခိုင်မာရန်နှင့် ဘဏ္ဍာရေး တည်ငြိမ်ရေးနှင့်ပေါင်းစည်းရေးကို ရှေးရှုသည့် ဒေသပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းများဖြစ်ထွန်းအောင်မြင်စေရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်မှုသည် အရေးကြီးကြောင်း ၎င်းတို့က ထုတ်ဖော်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်မှနိုင်ငံခြားတပ်များရုပ်သိမ်းရန် ငြိမ်းချမ်းရေးအတွက်လိုအပ်ချက်ဖြစ် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံကို ပြည်ပတပ်များကျူးကျော်မှု လက်မခံနိုင်

ဆာနား ဧပြီ ၁၂

အီရတ်နိုင်ငံမှ နိုင်ငံခြားတပ်များရုပ်သိမ်းခြင်းသည် စစ်မှန်သောငြိမ်းချမ်းရေးအတွက် ကြိုတင်လိုအပ်ချက်ပင်ဖြစ်ကြောင်း ပြောကြားရာ အီရတ်မှနိုင်ငံခြားတပ်များ ရုပ်သိမ်းပေးရေးကို ယီမင်သမ္မတ အလီအဗ္ဗဒူလာဆာလေက တနင်္ဂနွေနေ့၌ တိုက်တွန်းလိုက်သည်။

အီရတ်နိုင်ငံမှ အမေရိကန်နှင့် အပေါင်းပါတပ်များရုပ်သိမ်းခြင်းသည် အီရတ်လူမျိုးများနှင့် နိုင်ငံတကာဆိုင်ရာအသိုင်းအဝိုင်း၏ တောင်းဆိုချက်ဖြစ်ကြောင်း၊ အချုပ်အခြာအာဏာပိုင်သော နိုင်ငံတစ်နိုင်ငံကို နိုင်ငံခြားတပ်က ကျူးကျော်ခြင်းကို လက်မခံနိုင်ကြောင်း ပြင်သစ်သတင်းစာ ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးရာ၌ ဆာလေက ပြောကြားသည်။

ဝမ်းနည်းစရာ

အီရတ်နိုင်ငံ၏ နေရာအများအပြား အထူးသဖြင့် ဖော်လူဂျာ၌ အပြစ်မဲ့အရပ်သားများ ရက်စက်စွာသတ်ဖြတ်ခံရခြင်းသည် ဝမ်းနည်းစရာကောင်းကြောင်း၊ အီရတ်နိုင်ငံမှနေ၍ အမေရိကန်နှင့် အပေါင်းပါတပ်များ ရုပ်သိမ်းရမည်ဖြစ်ပြီး အီရတ်နိုင်ငံ၏ အနာဂတ်ကို အီရတ်လူမျိုးများက ဆုံးဖြတ်ရမည်ဖြစ်ကြောင်း ယီမင်သမ္မတက ပြောဆိုသည်။

တည်ငြိမ်မှုမရှိ

အီရတ်နိုင်ငံကို သိမ်းပိုက်ထားသူများက အီရတ်နိုင်ငံ၏ လုံခြုံရေးနှင့် တည်ငြိမ်မှုအတွက် အီရတ်နိုင်ငံကို ၎င်းတို့သိမ်းပိုက်ထားမှုသည်လိုအပ်ကြောင်း ကာကွယ်ပြောဆိုသော်လည်း အမှန်တကယ်၌ နိုင်ငံခြားတပ်များ၏ သိမ်းပိုက်မှုအောက်တွင် လုံခြုံရေးနှင့် တည်ငြိမ်မှုမရှိကြောင်း သမ္မတ ဆာလေက ပြောကြားသည်။

တိုက်တွန်း

ထို့ပြင် သမ္မတဆာလေက အမေရိကန်နှင့်အပေါင်းပါတပ်များအား ၎င်းတို့စခန်းများရှိရာသို့ ဆုတ်ခွာပေးရန်လည်း တိုက်တွန်းတောင်းဆိုလိုက်သည်။ **အမ်အင်အေ၊ဆင်ဟွာ**



ကာဘာလာ၌ ကန်ဆန့်ကျင်ရေး ကြွေးကြော်ဆန္ဒပြ ဘဂ္ဂဒက်တောင်ဘက်၌ ကန်တပ်များ ချုံခိုတိုက်ခိုက်ခံရ

ဘဂ္ဂဒက် ဧပြီ ၁၂

အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် နေ့စဉ်နှင့်အမျှ ဖြစ်ပွားလျက်ရှိသော တိုက်ခိုက်မှုများ ရပ်စဲခဲ့သည်ဟု ကြေညာခဲ့သော်လည်း အဓိကရုဏ်းများ ဆက်လက်ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။ ဤအတောအတွင်း ဘဂ္ဂဒက်မြို့အနီးတွင် အမေရိကန်စစ်ဘက်ရဟတ်ယာဉ်တစ်စင်း အီရတ်လက်နက်ကိုင်များ၏ ပစ်ချခြင်းခံခဲ့ရကြောင်း နှစ်ရက်အတွင်း အမေရိကန်တပ်ဖွဲ့ဝင် ရှစ်ဦးသေဆုံးသွားခဲ့ကြောင်း သိရသည်။

တိုက်ပွဲဖြစ်

ကာဘာလာမြို့သို့အသွား လမ်းမကြီးပေါ်တွင်လည်း အမေရိကန်တပ်ဖွဲ့ဝင် ငါးဆယ်ခန့်လိုက်ပါလာသော စစ်ယာဉ်တန်းကို အီရတ်လက်နက်ကိုင်များက တိုက်ခိုက်ခဲ့ရာ နှစ်နာရီကြာ တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း မျက်မြင်သက်သေများက ပြောကြားခဲ့သည်။

ဆန္ဒပြ

ဘဂ္ဂဒက်မြို့ တောင်ဘက်ပိုင်းဒေသတွင်လည်း အီရတ်များပူးပေါင်းပြီး အမေရိကန်တပ်ဖွဲ့ဝင်များကို ချုံခိုတိုက်ခိုက်ခဲ့ကြောင်း၊ တစ်ပတ်တာကာလလုံး အမေရိကန်တပ်ဖွဲ့ဝင်များအနေဖြင့် ပစ်ခတ်တိုက်ခိုက်ခံရကြောင်း အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားခဲ့သည်။

ဤအတောအတွင်း ပြီးခဲ့သော တိုက်ခိုက်မှုကြောင့် လူပေါင်းတစ်ရာသေဆုံးခဲ့သော ဖြစ်ရပ်ဖြစ်ပွားခဲ့သည့် ကာဘာလာမြို့တွင် အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော်ဆန္ဒပြခဲ့ကြောင်း သိရသည်။ **(စီအက်ဖ်အိုင်)**

မီးရှို့ဆန္ဒပြ

ဧပြီ ၁၂ ရက်က အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့ရှိ အမေရိကန်စင်တာရှေ့တွင် အမေရိကန်သမ္မတ ဘုရှ်နှင့် ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲတို့၏ ပုံတူရုပ်ပြောင်များကို အီရတ်စစ်ပွဲ ဆန့်ကျင်သူများက မီးရှို့ဆန္ဒပြနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်စစ်ပွဲကို စတင်ခဲ့သော်လည်း အဆုံးမသတ်နိုင်မှု သမ္မတဘုရှ်အပေါ် ကန်ပြည်သူတို့ အယုံအကြည်ကင်းမဲ့လာ

ဘဂ္ဂဒက် ဧပြီ ၁၃

အီရတ်ရှိ အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် လပေါင်းအတန်ကြာတွင် အပြင်းထန်ဆုံး တိုက်ခိုက်မှုများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

အီရတ်တိုက်ခိုက်ရေးသမားများက စစ်ဆင်ရေးတစ်ရပ်ကို ပူးပေါင်းဆင်နွှဲကာ အမေရိကန်တပ်ဖွဲ့ဝင်များကို ဘက်ပေါင်းစုံမှ တိုက်ခိုက်လျက်ရှိသည်။

လွန်ခဲ့သော သီတင်းပတ်အတွင်းက သေဆုံးခဲ့သော အရပ်သားကန်ထရိုက်တာများကိစ္စနှင့် ပတ်သက်ပြီး အမေရိကန်တို့က တိုက်ခိုက်မှုများ ပိုမိုပြုလုပ်လျက်ရှိသည်။

ရည်ရွယ်ချက်မရှိ

ရာမာဒီမြို့အနီးတွင် ချုံခိုတိုက်ခိုက်ခံရမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် အတော်များများ သေဆုံးကာ အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ဘဂ္ဂဒက်မြို့တောင်ဘက်နှင့် အရှေ့ဘက်တို့တွင် တိုက်ပွဲများ ပြင်းပြင်းထန်ထန် ဖြစ်ပွားလျက်ရှိသည်။ အမေရိကန်များ ဇွန်လတွင် အုပ်ချုပ်ရေးအာဏာ လွှဲပြောင်းပေးပြီးပါက ထွက်ခွာမည်ဟု အီရတ်များက ယူဆထားသော်လည်း အမေရိကန်တို့က အီရတ်နိုင်ငံမှ ထွက်ခွာသွားမည့် ရည်ရွယ်ချက်မရှိခဲ့ကြောင်း၊ အုပ်ချုပ်ရေးလွှဲပြောင်းမှုဆိုသည်မှာလည်း အမှတ်လက္ခဏာတစ်ရပ်သဖွယ်ဖြစ်ရာ တကယ့်အာဏာသည် အမေရိကန်လက်ထဲ၌သာ ထားရှိမည်ဖြစ်ကြောင်း သိရသည်။

ယုံကြည်မှုမရှိ

သမ္မတဘုရှ်၏ အတိုက်အခံများက အီရတ်သည် ဗီယက်နမ်ကဲ့သို့ဖြစ်နေကြောင်း ပြောကြားကြသည်။ ယနေ့ ကောက်ယူခဲ့သော စစ်တမ်းသစ်အရ စစ်ပွဲကိုစတင်ခဲ့သော်လည်း အဆုံးသတ်နိုင်ခြင်း မရှိခြင်းကြောင့် အမေရိကန်ပြည်သူများသည် ၎င်းတို့၏သမ္မတအပေါ် ယုံကြည်မှုမရှိတော့ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

မီးလောင်ပျက်စီး

ဧပြီ ၁၂ ရက်က ဖော်လူဂျာမြို့တွင် အီရတ်တို့တိုက်ခိုက်မှုကြောင့် အမေရိကန်စစ်ယာဉ်တစ်စီး မီးလောင်ပျက်စီးနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကန်တပ်ကိုကူညီရန် အီရတ်တပ်ရင်းကငြင်းဆန်

ဝါရှင်တန် ဧပြီ ၁၂

ဖော်လူဂျာကို ထိန်းချုပ်ရန်အတွက် တိုက်ခိုက်နေသော အမေရိကန်မရိန်းတပ်များကို အထောက်အကူပေးရန် ဖော်လူဂျာသို့ သွားရောက်ရေးကိစ္စကို အီရတ်တပ်ရင်းသစ်က ယခုသီတင်းပတ်အစောပိုင်း၌ ငြင်းဆန်ခဲ့ရာ အမေရိကန်အာဏာပိုင်များ ဖွဲ့စည်းထူထောင်ခဲ့သောတပ်ဖွဲ့၏ အားနည်းမှုအခြေအနေကိုပြကြောင်း ဝါရှင်တန်ပို့စ်က အမေရိကန်တပ်မှူးများပြောဆိုချက်ကို ကိုးကားဖော်ပြလိုက်သည်။

အီရတ်တို့အား ၎င်းတို့ မတိုက်ခိုက်နိုင်ကြောင်း၊ အီရတ်တပ်ဖွဲ့ဝင်များက အမေရိကန်စစ်ဘက်ဆိုင်ရာကို ပြောကြားခဲ့ကြောင်း အမေရိကန်ဗိုလ်ချုပ်ပေါလ်အီတန်က ပြောကြားသည်ဟု ဝါရှင်တန်ပို့စ်က ရေးသားသည်။

ယင်းသည် အီရတ်တပ်ဖွဲ့ဝင်များနှင့် သဘောတူညီချက်ရရန် အခက်အခဲများရှိနေဆဲဖြစ်ကြောင်း ပြသသည်ဟု အီရတ်ရှိ အမေရိကန်တပ်များ၏ တပ်မှူး ဒုတိယဗိုလ်ချုပ်ကြီး ရီကာဒိုဆန်ချေ့စ်က ပြောကြားသည်။ ဗိုလ်ချုပ်အီတန်က တပ်ဖွဲ့ဝင်အင်အား ၆၂၀ ရှိသော အီရတ်အမှတ်(၂)တပ်ရင်းသည် လွန်ခဲ့သည့် တနင်္လာနေ့၌ တိုက်ပွဲဝင်ရန် ငြင်းဆိုခဲ့ကြောင်း၊ အီရတ်တပ်ဖွဲ့ဝင်များသည် ဖော်လူဂျာသို့အသွား ဘဂ္ဂဒက်အနီးအပါး ဒေသတစ်ခုတွင် ပစ်ခတ် တိုက်ခိုက်ခြင်းခံခဲ့ရပြီးနောက် တနင်္လာနေ့၌ ထိုသို့ ငြင်းဆိုခဲ့ခြင်းဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**

လက်ခံတွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မဒမ်ဒယ်လီယာ ဒိုမင်ဂို အယ်လ်ဘတ်နှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအားလက်ခံတွေ့ဆုံ

ရန်ကုန် ဧပြီ ၁၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြန်မာ-ဖိလစ်ပိုင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာပူးတွဲကော်မရှင်၏ ပထမအကြိမ် အစည်းအဝေးသို့တက်ရောက်ရန် ရန်ကုန်မြို့တွင်ရောက်ရှိနေသော ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မဒမ်ဒယ်လီယာဒိုမင်ဂို အယ်လ်ဘတ်နှင့်အဖွဲ့ဝင်များအား ယနေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့တက်ရောက်ကြပြီး ဧည့်သည်တော် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံသံအမတ်ကြီး မစ္စစ်ဖိုဘီအေဂိုမက်ဇ်လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

ချစ်ပန်းဝါနှင့်နှစ်ဆန်းခါ

* နှစ်ဆန်းခါ နွေအရောက်မှာဖြင့်
ချစ်ပန်းဝါ ရွှေပိတောက်တွေက
ကြိုင်လှောက်လို့ ပွင့်ငုံစီ။

* နှစ်အဟောင်းဆီက
ဖြစ်ကြောင်း စုံအလင်နဲ့
ကုန်စင်အောင် ပြန်လည်တွေးရင်ဖြင့်
"ဘယ်အရေး ဘယ်လိုပြုခဲ့ပါလို့
ဘယ်သူ့အပေါ် ဘယ်လိုပြောခဲ့ပါလိမ့်"
သဘောဉာဏ် မှန်အမှားကိုဖြင့်
စဉ်းစားကာ အကျိုးအကြောင်းရယ်နဲ့
ဆိုးကောင်းကို ဝေဖန်မှု
ပြုသင့်ပါသည်။

* ကိုယ့်ရွာနဲ့ကိုယ့်ကျောင်း
ကိုယ့်ချောင်းနဲ့ ကိုယ့်လယ်ပြင်
ကိုယ့်ဝန်းကျင် ကိုယ့်ဘဝ
အလှကိုယ်စီဆင်ဖို့
ဖြူစင်စင် အမြင်သစ်ရယ်နဲ့
နှစ်သစ်ကို ကြိုကြမည်...
ရာသီက လတန်ခူး။

* အခါလဲ အခါ
အတာလဲ အတာပေမို့
နံ့သာရည် ရွှေတစ်ခက်ရယ်နဲ့
မြန်မာတစ်တွေ အသရေတက်စေဖို့
ရေပက်ကာ အလှ သစ်ကြစို့ရဲ့
မြနှစ်မှာ ရွှေရည်ဖုံးပါလို့
ပင်လုံးဝေ ပန်းပိတောက်ရယ်က
လျှမ်းမောက် ပွင့်ဖူး။ ။

မြင်းမူမောင်နိုင်မိုး

မြန်မာ့ရုပ်မြင်သံကြား

၁၄-၄-၂၀၀၅
(ဗုဒ္ဓဟူးနေ့)
(သင်္ကြန်အကြတ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ဆယ်စုနှစ်က ခါသင်္ကြန် (ဝင်းဦး)
၈:၀၅ ၆။ အတီးပြိုင်ပွဲ
၈:၁၅ ၇။ ချောင်းမကြီး(မြို့လှ) ရေလှောင်တမံ(ပဲခူးတိုင်း)
၈:၃၀ ၈။ International News
၈:၄၅ ၉။ ခါသင်္ကြန် အဆိုအကများ
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Practice in Reading
၁၆:၄၅ ၄။ ခါသင်္ကြန်အဆိုအကများ
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (သတ္တဗေဒ အထူးပြု)(သတ္တဗေဒ)
၁၇:၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၃၀ ၇။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
၁၇:၄၀ ၈။ သီချင်းကြီးပဒေသာ
၁၇:၅၀ ၉။ ခါသင်္ကြန်အဆိုအကများ
၁၈:၀၀ ၁၀။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၈:၁၅ ၁၁။ Discovery
၁၈:၃၀ ၁၂။ ညနေခင်းသတင်း
၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၄။ တောင်းဆုပြည့်စုံမြတ်ဘုရားရွှေတိဂုံ(အပိုင်း-၄)
၁၉:၃၅ ၁၅။ ခါသင်္ကြန်အဆိုအကများ
၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"** (အပိုင်း-၂၂)
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

ရန်ကုန်မြို့တော်ဝန်မဟာသင်္ကြန်ရေသဘင်မဏ္ဍပ် စစ်သံမှူးများနှင့်ဇနီးများပျော်ရွှင်စွာပါဝင်ရေကစား

ရန်ကုန် ဧပြီ ၁၃

၁၃၆၅ ခုနှစ် သင်္ကြန်အကျနေ့ ရန်ကုန်မြို့တော်ဝန်မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်၌ ယနေ့နံနက် ၈နာရီမှ စတင်ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အကပဒေသာများဖြင့် သီဆိုဖျော်ဖြေလျက်ရှိရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ကော်မတီဝင်များ၊ မြန်မာနိုင်ငံရှိ စစ်သံမှူးများနှင့် ဇနီးများ၊ ဖိတ်ကြားထားသည့်ဧည့်သည်များနှင့် ယိမ်းအကအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ကော်မတီဝင်များက ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်သိန်းဆွေနှင့်ဇနီးတို့ ဦးဆောင်သော မြန်မာနိုင်ငံဆိုင်ရာ သံရုံးများမှ စစ်သံမှူးများနှင့် ဇနီးတို့အား ကြိုဆိုကြပြီး နံနက်စာဖြင့် တည်ခင်းဧည့်ခံသည်။

ပျော်ရွှင်စွာရေကစား

အဆိုပါစစ်သံမှူးများနှင့်ဇနီးတို့အား မြန်မာ့ယဉ်ကျေးမှုပဒေသာအကများ ဖြစ်သော အလှဖြာဝေ ပုပ္ပားမြေအက၊ သာယာလှပ မင်းသားအက၊ မြန်မာ အလှယပ်တောင်အက၊ မိုးဇာဖြော အက၊ ဒေါက်တာ ခင်ဆန်းနွယ် ဦးဆောင်သော စည်ပင်မိသားစုယိမ်းအဖွဲ့တို့က မြနန္ဒာသီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြပြီး စစ်သံမှူးများနှင့် ဇနီးတို့က ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်၌ ပျော်ရွှင်စွာ ရေကစားကြကာ ပြန်လည်ထွက်ခွာသွားသည်။

ယင်းနေ့ညပိုင်းတွင် ခေတ်ပေါ်တေးသီချင်းများနှင့် ဂန္ထဝင်မြောက် သီချင်းများကို တေးသံရှင်များက သီဆိုဖျော်ဖြေကြသည်။ **(သတင်းစဉ်)**

ပိတောက်ရွှေရည်ရေကစားမဏ္ဍပ်ရေကစား

ရန်ကုန် ဧပြီ ၁၃

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ နေကာနန်းတော်၊ ပါဝါနန်းတော်၊ နာရီနန်းတော်(Ray Ban)မိသားစုတို့ ပူးပေါင်းပြီး ပိတောက်ရွှေရည်မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ရေကစားမဏ္ဍပ်ဖွင့်ပွဲကို ဧပြီ၁၂ရက် သင်္ကြန်အကြိုနေ့က အမှတ်၄၁၆/၄၂၄ သိမ်ဖြူလမ်း Ray Ban Show Roomရှေ့တွင်ကျင်းပရာ အမှတ်(၄) စစ်ဒေသမှူး ဗိုလ်မှူးကြီးရန်နိုင်ဦး၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ တွဲဖက်အတွင်းရေးမှူး ဒုတိယရဲမှူးကြီး အောင်နိုင်၊ မင်္ဂလာတောင်ညွန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကို၊ နေကာနန်းတော်၊ ပါဝါနန်းတော်၊ နာရီနန်းတော် မန်နေဂျင်းဒါရိုက်တာ ဒေါ်ခင်မာဆွေတို့က ဖဲကြိုးဖြတ်ကာ လှပျိုဖြူကလေးများက မြနန္ဒာသီချင်းဖြင့် သီဆိုဖွင့်လှစ်လိုက်သည်။ အဆိုပါမဏ္ဍပ်တွင် ဧပြီ ၁၃ရက်မှ ၁၆ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ၁၁နာရီအထိ ပျော်ရွှင်စွာ ရေပက်ကစားကြမည်ဟု သိရသည်။ **(အောက်ပုံ) (က-ပ)**

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့အား မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ စစ်သံမှူးများနှင့် မိသားစုများက ရင်းရင်းနှီးနှီး လာရောက်နှုတ်ဆက်ကြသည်။

ညှော့ခံဖျော်ဖြေ

ယင်းနောက် ညှော့သည်တော်ကြီးများနှင့် သံအမတ်ကြီးများ၊ စစ်သံမှူးများအား အေဝမ်းစိုးမြင့် ခေတ်ပေါ်တူရိယာအဖွဲ့နှင့် တွဲဖက်၍ ရုပ်ရှင်၊ ဂီတအနုပညာရှင်များက မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်သီချင်းများ၊အကများဖြင့်လည်းကောင်း၊ တပ်မတော်ထောက်လှမ်းရေး မိသားစုများက မြန်မာ့ရိုးရာယဉ်ကျေးမှု သင်္ကြန်သီချင်းများ၊ အကများဖြင့်လည်းကောင်း၊ အာဆီယံနိုင်ငံများ၏ သီချင်းများဖြင့်လည်းကောင်း သီဆိုကပြ ညှော့ခံဖျော်ဖြေကြသည်။

တပျော်တပါးဆင်နွှဲ

ဆက်လက်၍ ညှော့သည်တော်ကြီးများ၊ သံအမတ်ကြီးများနှင့်စစ်သံမှူးများသည် အတာရေများ အပြန်အလှန် ပက်ဖျန်းကြကာ မြန်မာ့ရိုးရာယဉ်ကျေးမှု နှစ်သစ်ကူးမဟာသင်္ကြန်ပွဲကို ကြည်နူးပျော်ရွှင်စွာ တပျော်တပါးဆင်နွှဲကြသည်။

ပါဝင်ဆင်နွှဲ

ထို့နောက် မြန်မာ့ရိုးရာယဉ်ကျေးမှု နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော်တွင် ပါဝင်ဆင်နွှဲခဲ့ကြသည့် ညှော့သည်တော်ကြီးများ၊ သံအမတ်ကြီးများ၊ စစ်သံမှူးများနှင့် ၎င်းတို့၏ မိသားစုများအား အကျွေးအမွေးများဖြင့် တည်ခင်းညှော့ခံကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်၏ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အတာရေ ပက်ဖျန်းပေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က မြန်မာ့ရိုးရာသင်္ကြန်ပွဲတွင် အတာရေများ ပက်ဖျန်းပေးစဉ်။

(သတင်းစဉ်)

အတာရေ ပက်ဖျန်း

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ မြန်မာ့ရိုးရာသင်္ကြန်ပွဲတွင် ညှော့သည်တော်များနှင့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ စစ်သံမှူးများနှင့် မိသားစုများနှင့်အတူ အတာရေများ အပြန်အလှန် ပက်ဖျန်းကြစဉ်။

(သတင်းစဉ်)

အတာရေအပြန်အလှန်ပက်ဖျန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း နိုင်ငံတော်ဝန်ကြီးချုပ်၏ မြန်မာ့ရိုးရာသင်္ကြန်ပွဲတွင် ညှော့သည်တော်များနှင့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ စစ်သံမှူးများနှင့် မိသားစုများနှင့်အတူ အတာရေများ အပြန်အလှန်ပက်ဖျန်းကြစဉ်။

(သတင်းစဉ်)

✡ *ကျောဖုံးမှ*

Support Fund Myanmar (Belgium) အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြား သံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏ မိသားစုများ တက်ရောက်ကြပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု နှစ်သစ်ကူး မဟာသင်္ကြန်ပွဲကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီးဒေါက်တာဒေါ်ခင်ဝင်းရွှေတို့သည် ညှော့သည်တော်ကြီးများနှင့် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့်စစ်သံမှူးများအား ကြိုဆိုကြသည်။

ကြည်နူးပျော်ရွှင်စွာ တပျော်တပါးဆင်နွှဲ

နိုင်ငံတော်ဝန်ကြီးချုပ်၏ မြန်မာ့ရိုးရာသင်္ကြန်ပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ စစ်သံမှူးမိသားစုများနှင့် ညှော့သည်တော်များ မြန်မာ့ရိုးရာယဉ်ကျေးမှု နှစ်သစ်ကူးမဟာသင်္ကြန်ပွဲကို ကြည်နူးပျော်ရွှင်စွာ တပျော်တပါးပါဝင်ဆင်နွှဲကြစဉ်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၄–၄–၂၀၀၄(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ မြန်မာသင်္ကြန်
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
၄:၂၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀ ၅။ မျိုးချစ်တပ်မတော်
၄:၄၀ ၆။ မြန်မာသင်္ကြန်
၄:၅၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Demand & Supply (အိမ်တွင်းစီးပွား)
၅:၃၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ မြန်မာ့ရှုခင်း
၆:၄၀ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သင်္ကြန်ဝိညာဉ်"** (အပိုင်း–၁) **ဒါရိုက်တာ**–ကြည်စိုးထွန်း **သရုပ်ဆောင်**–လျှမ်းထက်၊ စိုးမြတ်နန္ဒာ
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ လျှပ်တစ်ပြက်
၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပြည်သူ့တရားရှင်"** **"အယောင်ဆောင်ချစ်သူ"** (အပိုင်း–၁)

တက်ရောက်အားပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီးဒေါ်မြမြစန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များ ရန်ကုန်မြို့ အင်းလျားလမ်းရှိ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော် ဧည့်ဂေဟာအမှတ်(၁) မြက်ခင်းပြင်၌ ကျင်းပသည့် နိုင်ငံတော်ဝန်ကြီးချုပ်၏ မြန်မာ့ရိုးရာသင်္ကြန်ပွဲသို့ တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ မြန်မာ့ရိုးရာသင်္ကြန်ပွဲသို့ တက်ရောက်လာသည့် ဖိလစ်ပိုင် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Hon Delia Domingo Albert အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေတို့က ရန်ကုန်မြို့ အင်းလျားလမ်းရှိ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်ဧည့်ဂေဟာအမှတ်(၁) မြက်ခင်းပြင်၌ကျင်းပသည့် မြန်မာ့ရိုးရာသင်္ကြန်ပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့် မိသားစုများအား ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

သံအမတ်ကြီးများနှင့် ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီးဒေါ်မြမြစန်းတို့အား ရန်ကုန်မြို့ အင်းလျားလမ်းရှိ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်ဧည့်ဂေဟာအမှတ်(၁) မြက်ခင်းပြင်၌ ကျင်းပသည့် နိုင်ငံတော်ဝန်ကြီးချုပ်၏ မြန်မာ့ရိုးရာသင်္ကြန်ပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် မိသားစုများက ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ရခိုင်ရိုးရာမဟာသင်္ကြန်ပွဲတော် ရေကစားမဏ္ဍပ်များဖွင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၃

ရခိုင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့(ရန်ကုန်)၏ စီစဉ်ဆောင်ရွက်မှုဖြင့် ရခိုင်ရိုးရာ သင်္ကြန်ပွဲတော် ရေကစားမဏ္ဍပ်များ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူယာဉ် မောင်းသင်တန်းကွင်း၌ ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် စိုးဝင်းမောင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ရခိုင်သင်္ကြန်ပွဲတော် ဖြစ်မြောက်ရေးကော်မတီနှင့် ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့(ရန်ကုန်)ဥက္ကဋ္ဌ ဒေါက်တာကျော်သိန်း၊ ဒုတိယဥက္ကဋ္ဌ ဦးသာအေးနှင့် ကော်မတီဝင်များ၊ ရခိုင်တိုင်းရင်းသား တိုင်းရင်းသူများ၊ ရခိုင်ရိုးရာ စည်တော်အဖွဲ့နှင့် အထူး ဖိတ်ကြားထားသူများ တက်ရောက်ဖွင့်လှစ်ပေးသည်။

(သတင်းစဉ်)

ညှို့ခံဖျော်ဖြေ

နိုင်ငံတော်ဝန်ကြီးချုပ်၏ မြန်မာ့ရိုးရာသင်္ကြန်ပွဲတွင် တပ်မတော် ထောက်လှမ်းရေး မိသားစုများက မြန်မာ့ရိုးရာ ယဉ်ကျေးမှု သင်္ကြန် သီချင်းများ၊ အကများဖြင့် ညှို့ခံ ဖျော်ဖြေစဉ်။

(သတင်းစဉ်)

ဝိဘဇ္ဇဝါဒ ဝိပဿနာ အထူးတရားပွဲ

ရန်ကုန် ဧပြီ ၁၃

လှိုင်မြို့နယ် (၆)ရပ်ကွက် ဘူတာရုံလမ်း ဇေယျဝတီပရိယတ္တိစာသင်တိုက် ဝိဇ္ဇာရေမွေဗိမာန်တွင် ဧပြီ ၁၂ ရက် (တနင်္လာနေ့)မှ ၁၆ ရက် (သောကြာနေ့)အထိ ဝိဘဇ္ဇဝါဒဝိပဿနာအထူးတရားပွဲကို ဆရာတော် ဘဒ္ဒန္တနာရဒ(ဓမ္မာစရိယ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ)က ညစဉ် ၇ နာရီခွဲတွင် ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

သားငါးပွံ့ဖြိုး ပြည်အကျိုး

မြန်မာ့ယဉ်ကျေးမှု မဟာသင်္ကြန်

ကမ္ဘာ့နိုင်ငံအသီးသီးတွင် မိမိတို့နိုင်ငံယဉ်ကျေးမှုအစဉ်အလာအရ နှစ်သစ်ကူးပွဲတော်များ ကျင်းပကြပေသည်။ အနောက်နိုင်ငံများ၏ နှစ်သစ်ကူးခြင်းမှာ ပုံသေပင်ဖြစ်သည်။ ဒီဇင်ဘာလကုန်လျှင် နှစ်ဟောင်းကုန်ဆုံး၍ ဇန်နဝါရီလ တစ်ရက်မှာ နှစ်သစ်အစပင် ဖြစ်သည်။ မြန်မာတို့၏ နှစ်သစ်ကူးခြင်းမှာမူ ပုံသေအားဖြင့် နေ့ရက်အချိန်ကို မသတ်မှတ်ပေ။ ရာသီနက္ခတ်ကို တွက်ချက်၍ သတ်မှတ်ရသည်။ နိုင်ငံတော်ပြက္ခဒိန်အကြံပေးအဖွဲ့က တွက်ချက်တင်ပြချက်ကို ယူ၍ မဟာသင်္ကြန်အချိန်ကို သတ်မှတ်ပေးသည်။ ရှေးမြန်မာမင်းများ လက်ထက်က သင်္ကြန်ကျသည့်အချိန်တွင် အမြောက်များပစ်ဖောက်၍ ကြေညာပေးကြောင်း မှတ်တမ်းများရှိသည်။

သင်္ကြန်အကြိုနေ့၊ အကျနေ့၊ အကြတ်နေ့၊ အတက်နေ့ဟု နှစ်ဟောင်းဘက်တွင် သုံးရက်၊ လေးရက်သတ်မှတ်ကာ မဟာသင်္ကြန်ပွဲကို ဆင်နွှဲကြသည်။ သင်္ကြန်ပွဲမှာ တောရော မြို့ပါမကျန် နေရာအနှံ့ ကျင်းပကြခြင်း၊ ပါဝင်ဆင်နွှဲသူ အများဆုံး ပွဲတော်ဖြစ်ခြင်းကြောင့် မဟာဟူသောစကားကို ရှေ့မှတင်ကာ မဟာသင်္ကြန်ဟု တွင်ပါသည်။ ခေါ်လည်းခေါ်ဆိုထိုက်ပါသည်။ မဟာသင်္ကြန်ကာလတွင် ရေပက်ကစားသည့် ယဉ်ကျေးမှုအစဉ်အလာမှာ အလွန်ပင်ချစ်စရာကောင်းပါသည်။ သင်္ကြန်ကာလမဟုတ်ဘဲ အခြားသောအချိန်အခါတွင် တစ်ဦးကိုတစ်ဦး မတော်တဆ ရေပက်မိလျှင်ပင် တောင်းပန်ကြရပါသည်။ ဝတ်ကောင်းစားလှများ စိုရွှဲသွားစေသဖြင့် တောင်းပန်ရခြင်း ဖြစ်ပါသည်။ ရိုင်းသောအပြုအမူသဖွယ် ဖြစ်ရာလည်း တောင်းပန်သင့်ပါသည်။ မြန်မာတို့၏ သင်္ကြန်ကာလတွင်မူ တစ်ဦးနှင့်တစ်ဦး ရေပက်သဖြင့် စိတ်မဆိုးရုံမျှသာမက ပျော်ရွှင်ဖွယ်အဖြစ်သတ်မှတ်ကာ ကျေနပ်ကြသည်။

အခြားသောကာလတွင် တစ်ဦးနှင့်တစ်ဦး ရေပက်ပါလျှင် အလွန်ရင်းနှီးသူများဖြစ်၍သာ ကျီစယ်သည့်အနေဖြင့် ပက်ချင် ပက်ပါသည်။ သူစိမ်းပုဂ္ဂိုလ်များကို ပက်ရိုးထုံးစံမရှိ၊ ပက်မိလျှင် ရိုင်းရာကျပါသည်။

မိန်းမပျို၊ ယောက်ျားပျိုများသည် တစ်ဦးနှင့်တစ်ဦး သိကျွမ်းမှုမရှိလျှင်သာမန်အခါမျိုးတွင် ကိစ္စမရှိဘဲ ခေါ်ပြော နှုတ်ဆက်ခြင်းပင် ပြုလေ့မရှိသော်လည်း သင်္ကြန်အခါတွင်မူ တစ်ဦးနှင့်တစ်ဦး သိကျွမ်းစရာမလိုဘဲရေပက်ကစားနိုင်ကြသည်။ တေးသီချင်းနှင့်ကဗျာတို့ဖြင့် သိမ်မွေ့စွာ ပျော်ရွှင်နိုင်ကြသည်။

ရေပက်ကစားခြင်းမှာ အဓိပ္ပာယ်လေးနက်မှုရှိပါသည်။ ရေသည် အေးမြသည့်သဘောဖြစ်၍ မေတ္တာကို ကိုယ်စားပြုပါသည်။ ရေကြည်အေးမြမြဖြင့် ပက်ဖျန်းလိုက်ခြင်းသည် မေတ္တာကူးလူးဆက်ဆံသည့် သဘောဖြစ်သည်။ မြန်မာတို့သည် သင်္ကြန်ကာလတွင် တွေ့ရ၊ ကြုံရ၊ ဆုံရသူများအားလုံးကို မေတ္တာဖြင့် ဆက်ဆံပါသည် ဟူသော အဓိပ္ပာယ်ဖြင့် ပျော်ရွှင်စွာ ရေပက်ကစားကြခြင်းဖြစ်သည်။

ကလျာဦး

မြန်မာလူမျိုးတို့သည် မည်သည့်ပွဲတော်မျိုးမှာမဆို အကျွေးအမွေးပါစေချင်သည်။ သူတစ်ပါးအား ပေးကမ်းခြင်း၊ ကျွေးမွေးဧည့်ခံခြင်းသည် ကောင်းသောအလုပ်၊ ကုသိုလ်ရသောအလုပ်ဟု စွဲမြဲရင်း ရှိပြီးဖြစ်သည့်အလျောက် သင်္ကြန်ကာလတွင် မုန့်လုံးရေပေါ်လုပ်၍ စတုဒိသာကျွေးမွေးခြင်း၊ မုန့်များလုပ်၍ တစ်အိမ်မှတစ်အိမ် ပေးပို့ခြင်းစသည်များ ပြုလုပ်လေ့ရှိကြသည်။ ဧည့်သည်လာလျှင် ဧည့်ခံကျွေးမွေးရမှ ကျေနပ်သည့် မြန်မာတို့သည် သင်္ကြန်မဏ္ဍပ်များတွင်လည်း ဧည့်ခံရေးအစီအစဉ်များ ထည့်သွင်းဆောင်ရွက်နေကြသည်ကို မြင်တွေ့နေရသည်ပင် ဖြစ်သည်။

ယခုနှစ် မဟာရန်ကုန်သင်္ကြန်အတွက် မြန်မာ့ယဉ်ကျေးမှုနှင့်ကိုက်ညီစေရန် နှိုးဆော်နေသည်ကို ဖတ်ရှုနေရသည်။ မြန်မာ့ယဉ်ကျေးမှု မဟာသင်္ကြန်သည် မူလကပင် ယဉ်ကျေးခဲ့ပါသည်။ သို့ရာတွင် အခြားသော ယဉ်ကျေးမှုများပါ ရောနှောကာ ခေတ်မီလိုကြသူများ အဆန်းထွင်ခြင်းကြောင့် ယဉ်ကျေးမှုထိခိုက်လာနိုင်သဖြင့် ထိန်းသိမ်းကြခြင်း ဖြစ်ပါသည်။ ဝတ်စားဆင်ယဉ်မှုက အစ ကြပ်မတ်ပြောဆို အသိပေးလာနေရသည်။ ရေပူဖောင်းဖြင့် ပေါက်ခြင်း စသည်မှာ ယဉ်ကျေးမှုနှင့် ဖီလာဖြစ်သော လုပ်ရပ်များသာ ဖြစ်သည်။

မိမိတို့ငယ်စဉ်က မန္တလေးသင်္ကြန်ကို သတိရမိသည်။ နေ့ခင်းတွင် ရေပက်ကစားကြသည်မှာ ပျော်စရာကောင်းလှသည်။ ဘယ်သူကမှ မတားမြစ်ရဘဲ တစ်မြို့လုံးက အသိခြင်းတူညီနေကြသည်ကို တွေ့ရသည်။ ညှိထားသလားဟုပင် ထင်မှတ်ရသည်။ မွန်းတည့်၁၂နာရီခန့်တွင် ရေပက် ရပ်သွားပြီး မွန်းလွဲ ၂နာရီမှ ၆နာရီအထိသာ ရေပက်ကြသည်။ ညနေ ၆နာရီ ရေပက်ရပ်ပြီး ရေမိုးချိုး ထမင်းစားကြသည်။ ညပိုင်းတွင် ရေလုံးဝမပက်တော့ပေ။ အလှပြယာဉ်များ အစီအရီ ထွက်လာကြသည်။ မဏ္ဍပ်များမှ လှပျိုဖြူများက ယိမ်းအကများ၊ သီချင်းများဖြင့် ဧည့်ခံဖြေဖျော်သည်။ အလှပြယာဉ်များကလည်း အဆို၊ အက၊ အတီးဖြင့် မဏ္ဍပ်အသီးသီးသို့ သွားရောက်ဖျော်ဖြေကြသည်။ အလှပြယာဉ်တွင် အမျိုးသားအဖွဲ့များဖြစ်၍ မဏ္ဍပ်တစ်ခုပြီးတစ်ခု နှုတ်ဆက်ထွက်ခွာကြသည်ကို ကြည့်ရသည်မှာ လွမ်းဆွတ်ဖွယ်ပင်ဖြစ်သည်။ မန္တလေးမြို့သူမြို့သားတို့သည် ဝတ်ကောင်းစားလှ ဝတ်ဆင်ကာ ညပိုင်းတွင် မဏ္ဍပ်အသီးသီးသို့ သွားရောက်ကြည့်ရှုကြသည်။

မဟာသင်္ကြန်ကာလတွင် လူတိုင်းကို ရေပက်ကစားနိုင်သည်မှန်သော်လည်း ဥပုသ်သီတင်း စောင့်တည်ရန်သွားသော၊ ပုဂ္ဂိုလ်များ၊ ကိစ္စတစ်ခုခုကြောင့် အပြင်ထွက်ရသော်လည်း ရေပက်မခံလိုသူများ၊ တာဝန်ထမ်းဆောင်နေသူများကို ခွဲခြားနားလည်သင့်ပါသည်။ ရှေးက အစဉ်အလာမှာ အမျိုးသားများက အမျိုးသမီးကို ရေပက်မည်ဆိုလျှင် ရေပက်ခံလိုခြင်း ရှိမရှိ အကဲခတ်ပြီးမှ ပက်ကြသည်။ အမျိုးသမီးကစပက်လျှင်မှ ပြန်လည်ပက်နိုင် သည်ဟုဆိုပါသည်။ ရေပက်ကစားရာတွင် ရေပက်မခံလိုသူများအား ရေပက် မိသဖြင့် ပျော်ရွှင်ရမည့်အစား စိတ်ဆင်းရဲမှုသာ ရရှိမည်ဖြစ်ရာ ထိုပုဂ္ဂိုလ်များကို ရေမပက်ဘဲ ရှောင်ကြဉ်သင့်သည်။

ထို့ကြောင့် မြန်မာ့ယဉ်ကျေးမှု မဟာသင်္ကြန်တွင် မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ယဉ်ကျေးပျော်ရွှင်စွာ ပါဝင်ရေပက်ကစားနိုင်ကြပါစေဟု ဆန္ဒပြုရေးသားလိုက်ရပေသည်။ ။

မြန်မာ-ဖိလစ်ပိုင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင် ပထမအကြိမ်အစည်းအဝေး ပူးတွဲသတင်းထုတ်ပြန်ချက်တစ်ရပ်ထုတ်ပြန်

ရန်ကုန် ဧပြီ ၁၃

မြန်မာ-ဖိလစ်ပိုင်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်၏ ပထမအကြိမ် အစည်းအဝေးကို ရန်ကုန်မြို့ တွင် ဧပြီ ၁၁ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် ပူးတွဲသတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ကြေညာသည်။

ပူးတွဲသတင်းထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ပူးတွဲသတင်းထုတ်ပြန်ချက်

မြန်မာ-ဖိလစ်ပိုင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင် ပထမအကြိမ်အစည်းအဝေး

မြန်မာနိုင်ငံ ရန်ကုန်မြို့ ၂၀၀၄ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့မှ ၁၂ ရက်နေ့အထိ။

၁။ မြန်မာ-ဖိလစ်ပိုင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာပူးတွဲကော်မရှင်၏ ပထမအကြိမ်အစည်းအဝေးကို ရန်ကုန်မြို့တွင် ၂၀၀၄ခုနှစ် ဧပြီလ ၁၁ရက်နေ့မှ ၁၂ရက်နေ့အထိ ကျင်းပခဲ့ပါသည်။

၂။ အစည်းအဝေးကို ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်နှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စစ်ဒီလီယာဒိုမင်ဂိုအဲလ်ဘတ်တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ကြပါသည်။

၃။ ဝန်ကြီးအဆင့် အစည်းအဝေးမတိုင်မီ နှစ်ဖက်အဆင့်မြင့်အရာရှိကြီးများ၏ အစည်းအဝေးကို ၂၀၀၄ ခုနှစ် ဧပြီလ ၁၁ရက်နေ့တွင် ရန်ကုန်မြို့၌ ကျင်းပခဲ့ပါသည်။

၄။ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာပူးတွဲကော်မရှင်ကို နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများက ခေါင်းဆောင်ကြပါသည်။ မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံအကြား နှစ်ဖက်ညှိနှိုင်းဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများအတွက် အခြေခံလုပ်ငန်းစဉ်များကို ယခုအစည်းအဝေးက ချမှတ်ပေးနိုင်ခဲ့ပါသည်။ နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးထားသော သဘောတူညီချက်များနှင့် နားလည်မှုစာချွန်လွှာများ အကောင်အထည်ဖော်မှုအခြေအနေများကို သုံးသပ်ကြပြီး နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် ကဏ္ဍသစ်များကိုလည်း ရှာဖွေကြပါသည်။

၅။ ယခုအချိန်အထိ နှစ်နိုင်ငံအကြား အောက်ဖော်ပြပါသဘောတူညီချက်များကိုလည်း လက်မှတ်ရေးထိုးထားပြီးဖြစ်ပါသည်။

- **လူသားစွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အကူအညီပေးရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊**
- **သစ်တောနှင့် သစ်တောဆိုင်ရာ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်ဖက်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ၊**
- **မူးယစ်ဆေးဝါး တရားမဝင်သယ်ဆောင်ခြင်းနှင့် စိတ်ကြွဆေးဝါးများ သုံးစွဲမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ၊**
- **မြန်မာ-ဖိလစ်ပိုင် ကုန်သွယ်မှု သဘောတူစာချုပ်၊**
- **မြန်မာ-ဖိလစ်ပိုင် လေကြောင်းပို့ဆောင်ရေး သဘောတူစာချုပ်၊**
- **မြန်မာ-ဖိလစ်ပိုင် ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်၊**
- **မြန်မာ-ဖိလစ်ပိုင် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်၊**

၆။ ယခုကျင်းပသည့် အစည်းအဝေးက နှစ်နိုင်ငံလက်မှတ်ရေးထိုးထားသည့် အထက်ဖော်ပြပါ သဘောတူစာချုပ်များနှင့် နားလည်မှုစာချွန်လွှာများကို အကောင်အထည်ဖော်ကြရန် သဘောတူခဲ့ပါသည်။ အထူးသဖြင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို အကောင်အထည်ဖော်ရန်ဖြစ်ပါသည်။

အထက်ဖော်ပြပါကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများတိုးမြင့်ဆောင်ရွက်ကြရန် အခွင့်အလမ်းကောင်းများရှိနေသေးသည်ကိုလည်း အသိအမှတ်ပြု မှတ်သားကြပါသည်။ အဆိုပါကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ လွယ်ကူချောမွေ့စေရန်အတွက် ဖိလစ်ပိုင်နိုင်ငံမှ မစ္စတာဟိုဆေးလဲလ်ဗစ်ဂျူနီယာ ခေါင်းဆောင်သည့် ကုန်သွယ်ရေးကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် ယခုပူးတွဲကော်ရှင် အစည်းအဝေးတက်ရောက်လာသည့် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးဒီလီယာ ဒိုမင်ဂို အဲလ်ဘတ်နှင့်အတူ လိုက်ပါလာကြပြီး ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဦးဆောင်သည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။

၇။ နှစ်နိုင်ငံအကြားလက်မှတ်ရေးထိုးထားသည့် လူသားအရင်း အမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကူအညီပေးရေး နားလည်မှုစာချွန်လွှာနှင့် လေကြောင်း ပို့ဆောင်ရေးသဘောတူစာချုပ်ပါ အချက်အလက်များအား အသစ်ပြင်ဆင် ရေးဆွဲရေးအတွက် နှစ်ဖက်ညှိနှိုင်းဆွေးနွေးမှုများ ဆက်လက်ပြုလုပ်သွားရန် သဘောတူခဲ့ပါသည်။

၈။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်သစ်များကိုလည်း သတ်မှတ်နိုင်ခဲ့ပါသည်။

၉။ ဖိလစ်ပိုင်ကိုယ်စားလှယ်အဖွဲ့အား ဧည့်ဝတ်ပျူငှာစွာနှင့် လှိုက်လှဲဖော်ရွေစွာ ဧည့်ခံပြုစုခဲ့သည့်အတွက် မြန်မာအစိုးရအား ကျေးဇူးတင်ရှိပါကြောင်း ဖိလစ်ပိုင် ကိုယ်စားလှယ်အဖွဲ့က ထုတ်ဖော်ပြောကြားခဲ့ပါသည်။ နှစ်ဖက်အဆင်ပြေမည့်အချိန်တွင် ဒုတိယအကြိမ်ပူးတွဲကော်မရှင် အစည်းအဝေးအား ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပါသည်။ ။

၁၃၆၅ ခုနှစ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲ မှတ်တမ်းဓာတ်ပုံများ

အမှာစကားပြော

၁၃၆၅ ခုနှစ် သင်္ကြန်အကြိုနေ့က ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ် ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း အမှာစကားပြောကြားစဉ်။

ဓာတ်ပုံ–သိန်းဝင်းလေး
(မြန်မာ့အလင်း)

မမတို့ အဖွဲ့ကလည်း ဤသို့ ကပြကာသင်္ကြန်ကို ကြိုဆိုကြသည်။

ဓာတ်ပုံ–ထွေးကြည်
(မြန်မာ့အလင်း)

သင်္ကြန်ကို ဤသို့ကြိုဆို

ရန်ကုန်မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ် ဖွင့်ပွဲ အခမ်း အနားတွင် တိုင်းရင်းသူ လေးများက ဤသို့ ကပြဖျော်ဖြေ၍ သင်္ကြန်ကို ကြိုဆိုခဲ့ကြသည်။

ဓာတ်ပုံ–တင်စိုး
(မြန်မာ့အလင်း)

ကပြဖျော်ဖြေ

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားတွင် တိုင်းရင်းသူလေးများ ဤသို့ ကပြဖြေဖျော်၍ သင်္ကြန်ကို ကြိုဆိုကြသည်။

ဓာတ်ပုံ–တင်စိုး
(မြန်မာ့အလင်း)

သင်္ကြန်အကြိုနေ့က မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် မဏ္ဍပ်ဖွင့်ပွဲတွင် တိုင်းရင်းသား တိုင်းရင်းသူလေးများက မြန်နန္ဒာ သီချင်းဖြင့် ကပြဖျော်ဖြေစဉ်။

ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

သင်္ကြန်အကြိုနေ့က ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားတွင် မူကြို ကျောင်းသူလေးများက အကများဖြင့် ကပြဖျော်ဖြေပုံ။

ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ကပြ

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် မဏ္ဍပ် ဖွင့်ပွဲ အခမ်း အနား တွင် တိုင်း ရင်း သူ လေးများ ကပြဖြေဖျော်စဉ်။

ဓာတ်ပုံ–တင်စိုး
(မြန်မာ့အလင်း)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်းတို့က မန္တလေးမြို့ မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်နှင့် မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

မန္တလေးမြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်နှင့် မန္တလေးမြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲကျင်းပ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ရန်ကုန် ဧပြီ ၁၃

မြန်မာသက္ကရာဇ် ၁၃၆၇ ခုနှစ် မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်နှင့် မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁၂ ရက် ညနေ ၅ နာရီတွင် မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီရုံးရှေ့ရှိ မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေးသည်။

အခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးနှင့်ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးသောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် နေဝင်း၊ မန္တလေးမြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်နှင့် အိန္ဒိယသမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဌာနမှူးများ၊ စည်ပင်သာယာ ဝန်ထမ်းများနှင့်မိသားစုများ၊ ဖိတ် ကြားထားသူများ၊ အနုပညာရှင်များ၊ မန္တလေးခရိုင် မြို့နယ်ငါးမြို့နယ်မှ တူညီဝတ်စုံဝတ် ကျောင်းသူလေးများ၊ ပြည်သူများ စည်ကားစွာ တက်ရောက်ကြသည်။

နှုတ်ခွန်းဆက်

အခမ်းအနားတွင် မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်းက ကျက်သရေ မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံသော မြန်မာနှစ်သစ်ကူးအခါသမယတွင် ကိုယ်စိတ်ရွှင်လန်းချမ်းမြေ့ကြပါစေ၊ ရေလိုအေး၍ ပန်းလိုမွှေးကြပါစေဟု ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်း ဆက်သပါကြောင်းဖြင့် နှုတ်ခွန်းဆက် စကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်းတို့က မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်နှင့် မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

မိုးပျံပူဖောင်း

ယင်းသို့ ဖဲကြိုးဖြတ် ဖွင့်လှစ်လိုက်သည်နှင့် မန်းစည်ပင်မိသားစုများ၊ ကျောင်းသူလေးများနှင့် ပရိသတ်တို့က မိုးပျံပူဖောင်းများကိုလွှတ်တင်ပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များ၊ ဖိတ်ကြားထားသူများသည် နံ့သာ ရည်ဖြင့် အပြန်အလှန် ပက်ဖျန်းကြသည်။

ဆက်လက်၍ အနုပညာဦးစီးဌာန မင်္ဂလာစည်တော်ကြီးအဖွဲ့၊ မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီ ဆိုင်းဝိုင်းကြီးနှင့် မန်းစည်ပင်ခေတ်ပေါ် တေးဂီတအဖွဲ့တို့နှင့် တွဲဖက်၍ မန်းစည်ပင်ယိမ်းအဖွဲ့ဝင်များ၊ တူညီဝတ်စုံဝတ်ကျောင်းသူလေးများသည် အတာသင်္ကြန်တေးများဖြင့် ကပြဖျော်ဖြေကြသည်။

ဂါရဝပြုဖြတ်သန်း

ထို့နောက် အလှပြယာဉ်များ မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ရှေ့မှ ဖြတ်သန်း ဂါရဝပြုရာတွင် ရှေ့ဆုံးမှ မြို့မငွေငန်း အလှပြယာဉ်က ဂါရဝပြုဖြတ်သန်းသည်။

ဆက်လက်၍ မန္တလေးခရိုင် ကိုယ်စားပြု မြနန်းမန္တလာ အလှပြယာဉ်၊ ပြင်ဦးလွင်ခရိုင် ကိုယ်စားပြု ချယ်ရီမေ အလှပြယာဉ်၊ ရမည်းသင်းခရိုင် ကိုယ်စားပြု ရွှေပိတောက်သင်း အလှပြယာဉ်၊ မြင်းခြံခရိုင် ကိုယ်စားပြု စကားဝါမြေအလှပြယာဉ်၊ ကျောက်ဆည်ခရိုင်ကိုယ်စားပြု မက္ခရာပျိုဖြူအလှပြယာဉ်၊ မိတ္ထီလာခရိုင် ကိုယ်စားပြု ထီလာမေ အလှပြယဉ်နှင့် ဈေးချိုသူ အလှပြယာဉ်တို့က ခါသင်္ကြန် အဆိုအကများဖြင့် ဖျော်ဖြေရင်း မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ကို ဖြတ်သန်း ဂါရဝပြုကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များ၊ ဖိတ်ကြားထားသူများ မန္တလေးမြို့ မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်နှင့် မန္တလေးမြို့တော်ဝန် မဟာသင်္ကြန် မဏ္ဍပ် ဖွင့်ပွဲအပြီးတွင် နံ့သာရည်ဖြင့် အပြန်အလှန် ပက်ဖျန်းကြစဉ်။ (သတင်းစဉ်)

မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်း မန္တလေးမြို့ မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်နှင့် မန္တလေးမြို့တော်ဝန် မဟာသင်္ကြန် မဏ္ဍပ်ဖွင့်ပွဲတွင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲတွင် ဖျော်ဖြေရေးအလှပြယာဉ်များကို တွေ့ရစဉ်။ (သတင်းစဉ်)

✻ ကျောဖုံးမှ

ပူပြင်းခြောက်သွေ့သောရာသီတွင် အေးချမ်းမှုကို သယ်ဆောင်ပေးလာသော သင်္ကြန်အကြိုမိုးလည်း ရွာခဲ့ပြီ၊ ပိတောက်တွေလည်းပွင့်ခဲ့ပြီ။ မြန်မာ့နှစ်ဟောင်းကုန်ဆုံးပြီး နှစ်သစ်ကိုကူးပြောင်းချိန်တွင် ဆင်ယင်ကျင်းပမြဲဖြစ်သော မြန်မာနှစ်ကူး ရိုးရာသင်္ကြန်ပွဲတော်ကား စတင်နေလေပြီ။

"ခါသင်္ကြန် ကြိုချိန်ရောက်ရင်ဖြင့်၊ အတာအိုး ကိုယ်စီပြင်၊ ကြိုလိုက်ကြအစဉ်၊ မြို့ရွာတစ်ခွင် အဆုံး"

ဟု ရှေးစာဆိုတို့ ဖွဲ့ဆိုခဲ့သည့်အတိုင်း မြန်မာသက္ကရာဇ် ၁၃၆၅ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၈ ရက်နေ့သည် မဟာသင်္ကြန် အကြိုနေ့ဖြစ်သည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု သင်္ကြန်ပွဲတော် အစရက်ကား သင်္ကြန်အကြိုနေ့တည်း။

သင်္ကြန်အကြိုနေ့ရောက်သည်နှင့် မြန်မာနိုင်ငံတစ်ဝန်း အိမ်တိုင်းလိုလိုပင် သင်္ကြန်ကို ကြိုဆိုသော အထိမ်းအမှတ်အဖြစ် အတာအိုး ပြုလုပ်ကြသည်။ ထိုကဲ့သို့ သင်္ကြန်ကို ကြိုဆိုသည့်အနေဖြင့် အတာအိုး ပြုလုပ်ခဲ့ကြသည်မှာလည်း နှစ်ပေါင်းများစွာတိုင်ခဲ့ပြီ။

အတာအိုးကို အများအားဖြင့် မြေအိုးအသစ်လေးများကို သုံးကာ သပြေပန်းနှင့် အခြားပန်းများ စိုက်ထိုးကာ မြန်မာတို့၏ အိမ်ရှေ့တိုင်းတွင် ထားရှိကြသည်။ မိမိတို့အိမ်ရှေ့တွင် အတာအိုးကလေးများ ရှိနေသည်ကို မြင်တွေ့ရခြင်းမှာလည်း စိတ်ချမ်းမြေ့စရာကောင်းလှသည်။ သင်္ကြန်အကြိုနေ့တွင် မိမိတို့အိမ်ရှေ့တွင် အတာအိုးလေးရှိမှ အဓိပ္ပာယ်ရှိသည်ဟု ခံစားရသည်။

သင်္ကြန်ကာလတွင် သိကြားမင်း လူ့ပြည်ဆင်းသည်ဆိုသော အချက်ကို ဘိုးတော်ဘုရားလက်ထက်က မှူးမတ်များကို မေးမြန်းရာ မဖြေဆိုနိုင်၍ သာသနာပိုင် မောင်းထောင်ဆရာတော်အား မေးမြန်းလျှောက်ထားသဖြင့် လူပညာရှိ၊ ပုဏ္ဏားပညာရှိများက ရေးထုံးဖွဲ့ခဲ့သဖြင့် အဆက်ဆက် မှတ်တမ်းတင်ခဲ့ခြင်းဖြစ်ကြောင်း ဆိုခဲ့သည်။

မှန်ပေသည်။ မြန်မာလူမျိုးတို့၏ ရိုးရာသင်္ကြန်ပွဲတော် အထိမ်းအမှတ်အဖြစ် လက်ခံကျင့်သုံးခဲ့သော ကောင်းမြတ်သည့် ဓလေ့များကို မြန်မာတို့ လိုက်နာဆောင်ရွက်ခဲ့သည်မှာလည်း နှစ်ပေါင်းများစွာတိုင်ခဲ့ပေပြီ။

မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့များက ချစ်စဖွယ်ကောင်းလှပေသည်။ သင်္ကြန်ပွဲတော်မတိုင်မီကပင် အလှူဒါနပြုရန်၊ ဥပုသ်သီတင်းသီလ ဆောက်တည်ရန်၊ ဘုရား၊ ကျောင်းကန်များ သန့်ရှင်းရေးလုပ်ရန်၊ သင်္ကြန် ဖျော်ဖြေမှုများပြုလုပ်ရန်၊ သင်္ကြန်ပွဲတော်တွင် နွဲပျော်ရန် စသည့် ကိုယ်စီကိုယ်င အစီအစဉ်များ ရှိကြသည်။ မိမိတို့ အစီအစဉ်အတိုင်း ပြင်ဆင်ရ၊ တိုင်ပင်ရ၊ ဆောင်ရွက်ရနှင့် ကြည်နူးစိတ်များ ဖြစ်ရသည်။ မမောနိုင်၊ မပန်းနိုင်ကြပေ။

"အတာသင်္ကြန်၊ ရေသဘင်ပွဲ နွှဲလိုက်ကြပျော်ပျော်ရွှင်၊ အေးမြစေ ပက်ကာဖျန်း၊ လန်းစိတ်ရွှေဘဝင်"

ဟု ဦးကြင်ဥ ကဗျာထဲကလိုပင် သင်္ကြန်ပွဲတော်ကို လက်ရေချိုးပြီး မျှော်ကိုးခဲ့ရသူများအဖို့ သင်္ကြန်အကြိုနေ့ရောက်သည်နှင့် နံနက်စောစောကပင် သင်္ကြန်ရေလောင်းပြီး စတင်နွှဲပျော်လေသည်။ ကားများနှင့် ရေပက်ခံထွက်သူများ၊ ရေကစားမဏ္ဍပ်များ၊ စင်မြင့်ဖျော်ဖြေမှုများဖြင့် စတင်စည်ကားလေပြီ။

ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်များတွင်လည်း ဥပုသ်သီတင်းသီလ ဆောက်တည်သူများနှင့် စတင် ပြည့်နှက်နေလေသည်။ သင်္ကြန်ပွဲတော်ရက်အတွင်း တရားဘာဝနာပွားများပြီး ကောင်းမြတ်သော အမှုကိုပြုလုပ်ခြင်းဖြစ်သည်။

ရပ်ကွက်များ၊အိမ်များတွင်လည်း စတုဒိသာအလှူအဖြစ် မြန်မာမုန့်များ ပြုလုပ်ကာ အလှူပယ် ကျွေးမွေးကြသည်။ အိမ်များကိုလည်း ဝေငှလေသည်။ လမ်းသွားလမ်းလာများကို ကျွေးမွေးလေသည်။ အယုတ်အလတ်အမြတ်မရွေး ကျွေးမွေး လှူဒါန်းခြင်းဖြစ်ပေသည်။ ကောင်းမြတ်သော အလှူဒါနတစ်ခုပင်ဖြစ်လေသည်။

သင်္ကြန်အကြိုနေ့မှ စတင်သော မြန်မာ့နှစ်ကူး သင်္ကြန်ပွဲတော်ကို တစ်နိုင်ငံလုံးတွင် ပျော်ကြ၊ ရွှင်ကြ၊ ရေများ အပြန်အလှန်ပက်ကြနှင့် သီဆိုကခုန်မှုများဖြင့် ပြည့်လျှမ်းနေသောမြင်ကွင်းကား ကြည်နူးဖွယ်ရာ၊ ပျော်ရွှင်ဖွယ်ရာ၊ စိတ်ချမ်းမြေ့ဖွယ်ရာပင်ဖြစ်ပေသည်။ ကိုယ်တိုင်မဆင်နွှဲသူများကလည်း သင်္ကြန်ပွဲတော်ဆင်နွှဲနေသူများကိုကြည့်ကာ အပျော်စိတ်ဖြစ်ရသည်။ ကိုယ်တိုင် ဆင်နွှဲနေသူများကား ဆိုဖွယ်မရှိပြီ။

မြန်မာတို့ ချစ်သော သင်္ကြန်၊ မြန်မာတို့ ပျော်သော သင်္ကြန်၊ အဓိပ္ပာယ် ပြည့်ဝပြီး အမြဲလှပ ချစ်စရာကောင်းနေသော သင်္ကြန်ပွဲတော်ကြီးတွင် မိမိတို့ အပြုအမူ၊ လုပ်ကိုင်ဆောင်ရွက်မှု အမှားများကြောင့် အကျည်းတန် အရုပ်ဆိုးမှုမရှိအောင် ထိန်းသိမ်းသင့်ပေသည်။ နိုင်ငံခြားသားများပါ ပါဝင်ဆင်နွှဲလျက်ရှိသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု သင်္ကြန်ပွဲတော်ကြီး တင့်တယ်စည်ကားနေမှုကို မိမိတို့ကြောင့် အဆင့်အတန်း နိမ့်ကျသွားခြင်းမရှိအောင် အတတ်နိုင်ဆုံး စည်းကမ်းတကျ ပါဝင်ဆင်နွှဲသင့်ကြပေသည်။

ထို့အတူ သင်္ကြန်ပွဲတော်တွင် ပါဝင်ဆင်နွှဲသူများ၏ ဝတ်စားဆင်ယင်မှုသည်လည်း မြန်မာလူအချို့တို့၏ အမြင်တွင် မရိုင်းပျစေရန်လည်း ဝတ်စားသင့်ပေသည်။ သရုပ်ပျက်ဝတ်စားဆင်ယင်မှုနှင့် ရိုင်းပျသည့် ပြောဆိုနောက်ပြောင်မှုများကိုလည်း သတိထား ရှောင်ကြဉ်ကြရမည်ဖြစ်ပေသည်။

သင်္ကြန်ပွဲတော်မတိုင်မီ ဟိုတစ်စ သည်တစ်စ ကြားခဲ့ရသည့် သင်္ကြန်ကြို တေးသီချင်းများလည်း သင်္ကြန်အကြိုနေ့၌ ကျယ်ကျယ်လောင်လောင် ကြားရပြီ။ သင်္ကြန်မတိုင်မီ လေ့ကျင့်ခဲ့ကြရသော သင်္ကြန်အကအဖွဲ့များ၏ သင်္ကြန်အကများကို မြင်တွေ့ကြရပြီ။ ရေကစားထွက်ရန်၊ ရေပက်ခံထွက်ရန် တာစူနေသူများလည်း ရေပက်ခံကားများနှင့် ထွက်ပြီး ရေပက်ခံကြ၊ ရေလောင်းကြနှင့် မြန်မာသင်္ကြန်ပွဲတော်ကြီးကား စတင်နေပေပြီ။

ပျော်ရွှင်ဖွယ်ရာ ကောင်းသော သင်္ကြန်၊ ချစ်ဖွယ်ကောင်းသောသင်္ကြန်၊ ယဉ်ကျေးဖွယ်ရာ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကြီးကား မြန်မာတစ်နိုင်ငံလုံးတွင် ခြိမ့်ခြိမ့်သဲသဲ ကျင်းပနေပြီဖြစ်သည်။ သင်္ကြန်ပွဲတော်ကြီး အလှမပျက်စေရန်၊ အေးချမ်း ပျော်ရွှင်ကြည်နူးစရာကောင်းသော သင်္ကြန်ပွဲတော်ကြီးဖြစ်စေရန် စည်းကမ်းတကျ ပျော်ရွှင်ဆင်နွှဲကြရန် ရေးသားလိုက်ရပေသည်။ ။

(မြန်မာ့အလင်း)

မဟာသင်္ကြန်အကျနေ့ ဘုရားစေတီပုထိုး ကျောင်းကန်များ၌ ကုသိုလ်ပြု အေးချမ်းပျော်ရွှင်စွာ စည်းကမ်းတကျရေကစား

ရန်ကုန် ဧပြီ ၁၃

ယနေ့သည် ၁၃၆၅ခုနှစ် မဟာသင်္ကြန်အကျနေ့ဖြစ်သည်။ မဟာသင်္ကြန်ကျချိန်မှာ ယနေ့ည ၈ နာရီ ၁၂ မိနစ် ၃၃ စက္ကန့်ဖြစ်ကြောင်း သိရသည်။ သင်္ကြန်အကျနေ့တွင် မြို့တော်သူမြို့တော်သားများသည် ရန်ကုန်မြို့တော်အတွင်းရှိ ဘုရားစေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့်ဓမ္မာရုံများ၌ ပန်း၊ ရေချမ်း၊ ဆီမီး အမွှေးနံ့သာ ဆက်ကပ်လှူဒါန်း၍ ဥပုသ်သီတင်းစောင့်ထိန်းကြသူများ၊ တရားဘာဝနာပွားများကြသူများဖြင့် စည်ကားများပြားလျက်ရှိသည့်အပြင် မြို့နယ်အသီးသီးရှိ ရပ်ကွက်များ၊ လမ်းများ၌ တစ်နှစ်တာလုံး ပင်ပန်းနွမ်းနယ်မှုများကို သင်္ကြန်ရေဖြင့် အပန်းဖြေဆေးကြောကာ နှစ်သစ်တွင် လူသစ်စိတ်သစ် အင်အားသစ်ဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြရန် ပြည်သူအများ စည်းကမ်းသေဝပ် အေးချမ်းပျော်ရွှင်စွာ မြန်မာ့ရိုးရာစဉ်လာများနှင့်အညီ ရေကစားကြရာ ရန်ကုန်မြို့တော် တစ်ခွင်လုံး အထူးစည်ကားလျက်ရှိသည်။

သင်္ကြန်အကျနေ့တွင် ရန်ကုန်မြို့တော်အတွင်းရှိ မြို့နယ်အသီးသီးတို့၌ ရပ်ကွက်အလိုက်၊ လမ်းအလိုက်၊ ရေကစားမဏ္ဍပ်များ၊ စီးပွားရေးအဖွဲ့အစည်းများ၊ ကုမ္ပဏီလီမိတက်များ၏ ရေကစားမဏ္ဍပ်များ၌ အေးချမ်းပျော်ရွှင်စွာ ရေကစားကြသည့်အပြင် မြန်မာ့ရိုးရာ ရှေးရိုးအစဉ်အလာနှင့်အညီ မုန့်လုံးရေပေါ်အစရှိသော ရိုးရာအစားအစာများကို သဒ္ဓါဖွေးဖြူ ပေးလှူနေကြသည်များကိုလည်း ကြည်နူးဖွယ် တွေ့ရှိရသည်။

ယခုနှစ် သင်္ကြန်အခါတွင် ရေပက်ခံ မော်တော်ယာဉ်များသည် မဟာသင်္ကြန် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရေပက်ခံမောင်းနှင်ကြပြီး အရက်သေစာလွန်ကျူးစွာ သောက်စားမူးယစ်သူများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ဆန့်ကျင်စေသော ဝတ်စားဆင်ယင်မှုများ၊ နိုင်ငံခြားတံဆိပ်နှင့် အလံများကို တပ်ဆင်ရေကစားမှုများ၊ အများသူငါ အမြင်မလျော်သော ဟီရိဩတ္တပ္ပကင်းမဲ့သော ဝတ်စားဆင်ယင်မှုများ ပြုမူနေထိုင်ရေကစားမှုများမပြုကြဘဲ စည်းကမ်းကျနသေဝပ်စွာ အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင် ရေကစားကြသည်ကို တွေ့ရှိရသည်။ ထို့အတူ ရေကစားမဏ္ဍပ်များပတ်ဝန်းကျင်၌ အရက်၊ ဘီယာရောင်းချမှုများ၊ ရေကစားမဏ္ဍပ်များ၌ ပေါင် ၁၀၀ နှင့်အထက် ပြင်းအားရှိသော ကွန်ပရက်ဆာပန့်များဖြင့် အညှာအတာကင်းမဲ့စွာ ရေကစားခြင်း၊ လမ်းဧရိယာပေါ်၌ ကျူးကျော်မဏ္ဍပ်ဆောက်ခြင်းနှင့် ခိုက်ရန်ဖြစ်ပွားခြင်းများမရှိဘဲ စည်းကမ်းနှင့်အညီ ရေလောင်းရေကစားကြသည်ကို တွေ့ရသည်။ **(သတင်းစဉ်)**

အကျနေ့ စည်ကား

၁၃၆၅ ခုနှစ် သင်္ကြန်အကျနေ့က ရေပက်ခံကားများ ဗဟန်းမြို့နယ်အတွင်း စည်ကားစွာ ရေကစားကြသည်ကို တွေ့ရစဉ်။

(မြန်မာ့အလင်း)

သင်္ကြန်အကျနေ့က အင်းလျားလမ်းတွင် Grand Wynn Enterprises Ltd. မိသားစု ပျော်ရွှင်စွာ ရေပက်ကစားစဉ်။

(မြန်မာ့အလင်း)

သင်္ကြန်အကျနေ့က အနော်ရထာလမ်းမကြီးရှိ ထွန်းရွှေဝါတိုင်းရင်းဆေးမိသားစု ရေကစားမဏ္ဍပ်တွင် ပျော်ရွှင်စွာရေပက်ကစားကြစဉ်။

(မြန်မာ့အလင်း)

ပျော်ရွှင်စွာရေပက်ကစား

၁၃၆၅ခုနှစ် သင်္ကြန်အကျနေ့က ဆရာစံလမ်းမကြီးတစ်လျှောက် ဤသို့ ရေပက်ကစားကြသည်။

(မြန်မာ့အလင်း)

နယ်စပ်/စည်ပင်ဝန်ကြီးဌာနမဟာသင်္ကြန်မဏ္ဍပ် ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ရန်ကုန် ဧပြီ ၁၃

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန၏ နဝမအကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်၌ သာကေတမြို့နယ် သန်လျင်တံတားအနီးရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတွင် ကျင်းပပြုလုပ်ရာ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (အပေါ်ပုံ)

မဟာသင်္ကြန်မဏ္ဍပ် ဖွင့်ပွဲအခမ်းအနားသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၏ ဇနီး ဒေါ်ကျင်ခိုင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးချုပ်သန်းထွန်း၊ ဗိုလ်မှူးကြီးတင်ငွေ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ တိုင်းရင်းသား ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မဟာသင်္ကြန်ပွဲတော်၌ ပါဝင်ဆင်နွှဲရန်အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဖိတ်ကြားထားသော ကချင်ပြည်နယ် ဆွမ်ပရာဘွမ် ဒေသမှ ဂျိန်းဖော တိုင်းရင်းသား တိုင်းရင်းသူ များ၊ နောင်မွန်းဒေသမှ ရဝမ် တိုင်းရင်းသား တိုင်းရင်းသူများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)လောက်ကိုင်/ကုန်းကြမ်းဒေသမှ ကိုးကန့် တိုင်းရင်းသား တိုင်းရင်းသူများ၊ ပန်ဆန်းဒေသမှ 'ဝ'တိုင်းရင်းသားတိုင်းရင်းသူများ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံဒေသမှ အခါ တိုင်းရင်းသားတိုင်းရင်းသူများ၊ ပါလှိုင်း၊ ကျိုင်းလပ်ဒေသမှ ယွန်းတိုင်းရင်းသားတိုင်းရင်းသူများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကျိုင်းတောင်း၊ ကျိုင်းခမ်းဒေသမှ ရှမ်းတိုင်းရင်းသားတိုင်းရင်းသူများ၊ ကျောက်တလုံးဒေသမှ ပအိုးဝ် တိုင်းရင်းသားတိုင်းရင်းသူများ၊ ကယားပြည်နယ် မိုးဗြဲဒေသမှ ကယန်း တိုင်းရင်းသားတိုင်းရင်းသူများ၊ မော်ချီးဒေသမှ ကရင် တိုင်းရင်းသားတိုင်းရင်းသူများ၊ မွန်ပြည်နယ် ရေးတောင်ခြမ်းဒေသမှ မွန် တိုင်းရင်းသားတိုင်းရင်းသူများ၊ ကရင်ပြည်နယ် လှိုင်းဘွဲ့ဒေသမှ ကရင်တိုင်းရင်းသားတိုင်းရင်းသူများ၊ တနင်္သာရီတိုင်း ချောင်ချိဒေသမှ မွန်တိုင်းရင်းသားတိုင်းရင်းသူများ၊ ရခိုင်ပြည်နယ် မောင်တောဒေသမှ သက်တိုင်းရင်းသား တိုင်းရင်းသူများ၊ ချင်းပြည်နယ် ထန်တလန်ဒေသမှ ချင်းတိုင်းရင်းသားတိုင်းရင်းသူများ၊ စစ်ကိုင်းတိုင်း ပင်လယ်ဘူး၊ ဗန်းမောက်ဒေသမှ ကဒူး တိုင်းရင်းသားတိုင်းရင်းသူများ၊နန်းယွန်း၊ ပန်ဆောင်ဒေသမှ နာဂတိုင်းရင်းသားတိုင်းရင်းသူများ ပါဝင်သည့် နယ်စပ်ဒေသ ယဉ်ကျေးမှုအဖွဲ့ဝင်ပေါင်း ၂၁၄ဦး၊ မွန်ပြည်နယ် ရေးချောင်းဖျားဒေသမှ လေ့လာရေးအဖွဲ့ဝင် မွန်တိုင်းရင်းသား တိုင်းရင်းသူ ၅၂ ဦးနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများတက်ရောက်ကြသည်။

အတာရေပက်ဖျန်း

အခမ်းအနားကို ဖွင့်လှစ်ပေးပြီးနောက် တိုင်းရင်းသားတိုင်းရင်းသူယဉ်ကျေးမှုအဖွဲ့ဝင်များက မြူမှောင်ဝေးကင်းသီချင်းကို စုပေါင်း ယိမ်းအကဖြင့် ကပြဖျော်ဖြေပြီး ဝန်ကြီးနှင့် ဇနီးဒေါ်ကျင်ခိုင်၊ ဒုတိယဝန်ကြီးများကနှစ်ကူးအတာရေပက်ဖျန်းပေးကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ တိုင်းရင်းသားရိုးရာ ကပွဲခန်းမ၌ မြန်မာ့ရိုးရာသင်္ကြန်အကများကိုကြည့်ရှုအားပေးကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ဧပြီ ၁၃ရက်က ဗီယက်နမ်နိုင်ငံ၊ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့သို့ ဆန်စက်လုပ်ငန်းများလေ့လာရန်အတွက်ထွက်ခွာသွားသော ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတင်ဝင်း၊ အထွေထွေ အတွင်းရေးမှူး ဦးတင်အောင်တို့ဦးဆောင်သည့် အဖွဲ့ဝင် ၃၂ဦးပါ ဆန်စက်လုပ်ငန်းရှင်များအား ပို့ဆောင်နှုတ်ဆက်ကြသော မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် အတူတွေ့ရစဉ်။ (က-ပ)

သင်္ကြန်အကြိုနေ့က ရန်ကုန်အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ် အမှတ်(၂)ရပ်ကွက် (၅)လမ်းမိသားစု၏ ရေကစားမဏ္ဍပ် ဖွင့်ပွဲအခမ်းအနားတွင် ထွန်းရွှေဝါတိုင်းရင်းဆေးဝါးလုပ်ငန်းမန်နေဂျင်းဒါရိုက်တာ ဦးထွန်းရွှေက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (က-ပ)

တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား လူငယ်တင်းနစ်ပြိုင်ပွဲနှင့် အသင်းလိုက်တင်းနစ်ပြိုင်ပွဲပါဝင်ယှဉ်ပြိုင်နိုင်

ရန်ကုန် ဧပြီ ၁၃

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲကို ဧပြီ ၂၅ရက်မှ မေ ၁ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်ရာ တင်းနစ်ကလပ်များနှင့် တင်းနစ်အားကစားသမားများ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ကြားထားသည်။

ပြိုင်ပွဲအမျိုးအစားမှာ (က)အဆင့် အသင်းလိုက်ပြိုင်ပွဲ၊ (ခ)အဆင့် အသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသမီး အလွတ်တန်းတစ်ဦးချင်း၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား အသက် ၅၅နှစ်နှင့် ၆၀အထက် နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် ၁၀နှစ်၊ ၁၂နှစ်၊ ၁၄ နှစ်၊ ၁၆နှစ်နှင့်အောက် လူငယ်တင်းနစ်ပြိုင်ပွဲများ ပါဝင်မည်ဖြစ်ကြောင်း၊ ပါဝင်ယှဉ်ပြိုင်လိုသော ကလပ်အသင်းများ၊ တင်းနစ်အားကစားသမားများသည် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဖုန်း-၀၁-၃၇၂၃၆၀၊ ၃၈၁၉၈၁ နှင့် ဖက်စ်-၃၈၁၉၈၂သို့ ဧပြီ ၂၄ရက် နံနက် ၁၀နာရီ နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

တိမ်ဖြစ်ထွန်းမည် ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ဘိန်းဖြူဘလောက်တုံး ခုနစ်ကီလိုဂရမ်မှုဆယ်၌ဖမ်းမိ

ရန်ကုန် ဧပြီ ၁၃

နယ်မြေခံထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မူးယစ်(အထူး)တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဧပြီ ၄ ရက်က မူဆယ်မြို့ ငွေဆင်အိမ်ရာဝင်းအတွင်းရှိ ပတ်လမ်းသို့ မောင်းနှင်ဝင်ရောက်လာသည့် လိုင်စင်မဲ့မာ့ခ်တူးအမျိုးအစား ယာဉ်အမှတ် ၂ခ/၇၇၆၆ယာဉ်အား သတင်းအရ ရပ်တန့်စစ်ဆေးရှာဖွေရာ မူဆယ်မြို့ နမ့်အွန်ကျေးရွာနေ ဦးကွယ်ကျိန်း၏သား ကျန်ရှီအန်း(ခ)လောက်အန်းနှင့် ဦးလီဆန်၏သား ထွန်းဝင်း(ခ)အားဖောင်တို့နှစ်ဦးအား ဘိန်းဖြူဘလောက်တုံး၂၀ စုစုပေါင်းအလေးချိန် ခုနစ်ကီလိုဂရမ်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိတရားခံများနှင့် မူးယစ်ဆေးဝါးများအား သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ကြီးမှူး ကျင်းပသည့် ၁၃၆၅ ခုနှစ် မဟာ သင်္ကြန်ပွဲတော် ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ် ဖွင့်ပွဲကို ဧပြီ ၁၂ ရက်က တာမွေ ပလာဇာ ရှေ့၌ ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (၁၁၅)

ပြီး ဘေးရှောင် မလောင်ခင်တား

နွေစပါးစိုက်ဧကတိုးမည့် ကြံခင်းမြို့နယ်မှ ကွန်ချောင်း(၂) ရေလှောင်တမံစီမံကိန်း

ကွင်းဆင်းလေ့လာရေးသားသူ – ကျော်စိန်

ဓာတ်ပုံမှတ်တမ်း – သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၁၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနသည် နိုင်ငံတော်၏ အဓိက စီးပွားရေးတိုးတက်ရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတစ်ဝန်း ဆည်မြောင်းတာတမံများကို တည်ဆောက်လျက်ရှိသည်။ နိုင်ငံတော်အစိုးရသည် ဆည်မြောင်းတာတမံတည်ဆောက်ရာတွင် တည်ဆောက်ရမည့် ရင်းနှီးမြှုပ်နှံမှုအပေါ်တွင် စီးပွားရေးအကျိုးအမြတ်ကို အခြေမခံဘဲ စိုက်ပျိုးသီးနှံ တိုးတက်စိုက်ပျိုးထုတ်လုပ်ရန်နှင့် ဒေသဖွံ့ဖြိုးရေးအတွက် ရည်မျှော်ပြီး ဆည်မြောင်းစီမံကိန်းကြီးငယ်များကို တည်ဆောက်လျက်ရှိရာ ဧရာဝတီတိုင်း ကြံခင်းမြို့နယ်အတွင်းရှိ ကွန်ချောင်း(၂) ရေလှောင်တမံစီမံကိန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

ကွန်ချောင်း(၂) ရေလှောင်တမံစီမံကိန်းအရ ဟသ်ာတခရိုင် ကြံခင်းမြို့နယ် တပ်ကုန်းကျေးရွာအနီး၌တည်ဆောက်လျက်ရှိပြီး ဧရာဝတီမြစ်၏ အနောက်ဘက်ခြမ်းတွင်ရှိသော ဒေသဖြစ်သည်။ မြစ်ဝကျွန်းပေါ်ဒေသဟုဆို သော်လည်း မိုးကာလအချိန်တွင်သာလျှင် မြစ်ချောင်းများမှရေကို အားကိုးစိုက်ပျိုးနိုင်ကြပြီး နွေကာလရောက်ရှိသည်နှင့် အထက်အညာဒေသနှင့်မခြား ပူးပြင်းခြောက်သွေ့သော ဒေသဖြစ်သည်။

မြန်မာ့အလင်းအဖွဲ့သည် ကွန်ချောင်းရေလှောင်တမံစီမံကိန်း တည်ရှိရာသို့ ပုသိမ်–မုံရွာကားလမ်းခရီးဖြင့် သွားရောက်ကြရာတွင် တည်ဆောက်ပြီးစီးသွားသော နန်ကသူရေလှောင်တမံမှ ဆည်ရေသောက်စနစ်ကြောင့် ပုသိမ်–မုံရွာ ကားလမ်းဘေးဝဲယာ၌ စိုက်ပျိုးထားသော နွေစပါးများဖြင့် စိမ်းစိမ်းစိုစို မြင်တွေ့ရသည်မှာ ဆည်တည်ဆောက်ကြရခြင်းဖြင့် တောင်သူလယ်သမားများ လက်တွေ့အကျိုးခံစားနေကြသည်ကို မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရသည်။

ကွန်ချောင်း(၂)ရေလှောင်တမံတွင် တမံတည်ဆောက်ခြင်းလုပ်ငန်းရာနှုန်းပြည့် မပြီးသေးဘဲ ၈၀ရာနှုန်းခန့်ပြီးစီးနေပြီး ဝင်လာသောချောင်းရေကို ဧကပေ ၁၈၀၀၀ ပမာဏခန့် လှောင်ထားသည်။ တည်ဆောက်ပြီးစီးနေသည့် ၄ ပေ X ၆ပေ နှစ်ပေါက်ရေထုတ်ပြွန်မှ အောက်ခြေ ၁၅ပေနှင့်ထိပ်ဝ ၄၅ ပေရှိသော ရေမြောင်းဖြင့် ကြံခင်းမြို့နယ်နှင့်မြန်အောင်မြို့နယ်ကြား လေးမိုင်ခန့် ရေလွှတ်ပေးထားသည်ကို တွေ့ရသည်။

ရေထုတ်ပြွန်မှလွှတ်ပေးသော ဆည်ရေကို တူးမြောင်းဘေးဝဲ/ယာကျေးရွာတောင်သူများက နွေစပါးစိုက်ပျိုးကြခြင်းကြောင့် တူးမြောင်းဝဲယာတွင် နွေစပါးများဖြင့် စိုပြည်စိမ်းလန်းလျက်ရှိသည်ကို တွေ့မြင်ရသည်။

တည်ဆောက်ဖောက်လုပ်ထားသော လေးမိုင်ခန့်ဝေးသည့် ဆည်ရေတူးမြောင်း၏ အဆုံးတစ်နေရာတွင် ဆည်ရေ၏ရေထုစီးနှုန်း ၂၄ ကျူးဆက်အားကို ရယူပြီး လျှပ်စစ်ဝပ်အား၁၅၀ဝခန့် အသုံးပြုနိုင်သော ရေအားလျှပ်စစ်အသေးကလေးဖြင့် ဝပ်အား၂၀ရှိ နှစ်ပေ မီးချောင်းလေးချောင်းကို နမူနာသဘော လျှပ်စစ်ဓာတ်အား ပေးထားသည်ကိုလည်း တွေ့ခဲ့ရသည်။

ကွန်ချောင်း(၂) ရေလှောင်တမံပြီးစီး၍ ဆည်ရေသောက်စနစ်ဖြင့် ဆည်ရေပေးလျှင် ရေသွယ်မြောင်းသည် ၂၇ ဒသမ ၅မိုင်ရှည်လျားအောင် တည်ဆောက်မည်ဖြစ်သည့်အပြင် လက်ခွဲမြောင်း၊ လက်တံမြောင်းများဖြင့် စိုက်ပျိုးမြေဧရိယာဧက ၂၀၀၀၀သို့ ရေပေးမည်ဖြစ်သည်။

ရောဝတီတိုင်း မြန်အောင်မြို့နယ် မမြရေလှောင်တမံစီမံကိန်းလုပ်ငန်းခွင်တွင် အရည်အသွေးထိန်းသိမ်းရေးဌာနဦးစီးမှူး ဦးမျိုးမြင့်အောင်က ဆည်မြောင်းဦးစီးဌာန (B.E) ဘွဲ့ရ အမျိုးသား အမျိုးသမီးများအား လက်တွေ့လုပ်ငန်းပြ ဆောင်ရွက်မှုကို ရှင်းပြနေစဉ်။

(ဓာတ်ပုံမှတ်တမ်း– သိန်းဝင်းလေး၊ မြန်မာ့အလင်း)

ဧရာဝတီတိုင်း ကြံခင်းမြို့နယ်ရှိ ကွန်ချောင်း ရေလှောင်တမံ စီမံကိန်းတည်ဆောက်ရေးအဖွဲ့ (၂)မှ ဦးသိန်းဌွေးအောင် (ဦးစီးအရာရှိ–မြို့ပြ)ကလိုက်လံရှင်းလင်းပြသစဉ်။

(ဓာတ်ပုံမှတ်တမ်း– သိန်းဝင်းလေး၊ မြန်မာ့အလင်း)

ဧရာဝတီတိုင်းကြံခင်းမြို့နယ် ကွန်ချောင်းရေလှောင်တမံစီမံကိန်းမှ နွေစပါးစိုက်ပျိုးနိုင်ရန် တူးမြောင်းများဖောက်၍ ရေပေးမှုလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို တွေ့ရစဉ်။

(ဓာတ်ပုံမှတ်တမ်း– သိန်းဝင်းလေး၊မြန်မာ့အလင်း)

မြန်မာ့အလင်းအဖွဲ့သည် ရေသွယ်မြောင်းတစ်လျှောက် လိုက်လံလေ့လာစဉ် နွေစပါးစိုက်ပျိုးနေသည့် ကြံခင်းမြို့နယ် သစ်စိမ့်ကိုင်ကျေးရွာမှ တောင်သူကြီး ဦးစိုးမြင့်၊ ဦးသိန်းကို၊ ဦးတင်အောင်တို့အား တွေ့ဆုံမေးမြန်းကြသည်။

မြန်မာ့အလင်း ။ ။ တောင်သူဦးကြီးတို့ ဆည်ရေဖြင့် နွေစပါးစိုက်ကြတာ ဘယ်လောက်စိုက်ကြပါသလဲ။

ဦးတင်အောင် ။ ။ ကျွန်တော် လောလောဆယ် စမ်းသပ်တဲ့အနေနဲ့ လေးဧက စိုက်ပါတယ်။

မြန်မာ့အလင်း ။ ။ အခုလို နွေစပါးစိုက်ခဲ့တာမျိုး ယခင်က စိုက်ခဲ့ဖူးပါသလား။

ဦးတင်အောင် ။ ။ ယခင်က မစိုက်ခဲ့ဘူးပါ။ အရင်တုန်းက အခုလို နွေရာသီမှာ ရေမရှိတော့လို့ နွေစပါးမစိုက်ခဲ့ဘူးပါ။

မြန်မာ့အလင်း ။ ။ အခုလို ဆည်ရေရရှိပြီဆိုတော့ နွေစပါးစိုက်နိုင်တာကြောင့် စိုက်ဧက ပိုမိုစိုက်နိုင်မှာပေါ့နော်။

ဦးတင်အောင် ။ ။ အခုလိုရေရပြီဆိုရင်တော့ စပါးစိုက်ဧက ပိုမိုလာတော့မှာပါ။

မြန်မာ့အလင်း ။ ။ အခုစိုက်တဲ့ နွေစပါးက တစ်ဧကဘယ်လောက် ထွက်မယ်လို့ ထင်ပါသလဲ။

ဦးသိန်းကို ။ ။ ကျွန်တော်တို့က အခုလို နွေစပါးစိုက်တာဟာ ဒီနှစ်မှ စတင်စိုက်တာပါ၊ ဆည်ရေရတာမို့လို့ စမ်းသပ်စိုက်တာပါ၊ ပထမဆုံးစိုက်တာပါ။

မြန်မာ့အလင်း ။ ။ အရင်တုန်းက ဒီလိုနွေဘက်မှာ ဘာတွေစိုက်ကြပါသလဲ။

ဦးသိန်းကို ။ ။ ပဲစိုက်တာများပါတယ်။ မတ်ပဲတို့ စိုက်ပါတယ်။ အခုလို နွေစပါးစိုက်လို့မရပါဘူး။

မြန်မာ့အလင်း ။ ။ အခုလို နွေစပါးစိုက်လိုက်တော့ ပဲစိုက်လို့မရတော့ဘူးလား။

ဦးတင်အောင် ။ ။ ပဲစိုက်ဖို့ကတော့ နွေစပါးစိုက်ခင်းနဲ့ လွတ်တဲ့နေရာ၊ ရေမရနိုင်တဲ့နေရာမှာစိုက်မှာပါ။ ပဲစိုက်တာလည်း မထိခိုက်ပါဘူး။

မြန်မာ့အလင်း ။ ။ ဧရာဝတီတိုင်းကတော့ ဧရာဝတီမြစ် ရှိနေတော့ ရေကတော့ သိပ်မရှားဘူးပေါ့။ ဒါပေမယ့် စိုက်ပျိုးရေးသာမက လယ်ယာသုံးကျွဲ၊ နွား၊ သောက်သုံးရေအတွက်လည်း အဆင်ပြေနိုင်မှာပေါ့။

ဦးတင်အောင် ။ ။ အခုလို ဆည်ရေများ ဖောဖောသီသီရတော့ စိုက်ပျိုးရေးအတွက်သာမက ကျွဲ၊ နွားနှင့် သောက်သုံးရေအတွက်ကလည်း မပူရတော့ဘူးပေါ့။

မြန်မာ့အလင်း ။ ။ ဦးကြီးနာမည်က ဘယ်လိုခေါ်ပါသလဲ။

ဖြေ ။ ။ ကျွန်တော့်နာမည်က ဦးစိုးမြင့်ပါ။ လယ်စိုက် တောင်သူကြီးလဲ ဖြစ်ပါတယ်။ ရပ်ကွက်ဥက္ကဋ္ဌလဲ ဖြစ်ပါတယ်။

မြန်မာ့အလင်း ။ ။ ဦးစိုးမြင့်က ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဆိုတော့ အခုလိုရေတွေရရှိလာတာကို အလဟဿဖြုန်းတီးမှုမရှိစေရအောင် ဘယ်လို စီစဉ်ထားပါသလဲ။

ဦးစိုးမြင့် ။ ။ အခုရှိနေတဲ့ တူးမြောင်းကြီးကနေ မြောင်းတွေခွဲဖောက်ကြပြီး တောင်သူများနှင့် ညှိနှိုင်းတိုင်ပင်ပြီးတော့ တာဝန်ရှိဌာနဆိုင်ရာပုဂ္ဂိုလ်များပါဝင်တဲ့ အဖွဲ့နှင့် စနစ်တကျ ရေသုံးစွဲရေးလုပ်ထားပါတယ်။ လက်တံမြောင်းတွေကို မဖြစ်မနေ ဖောက်ကြတာတို့၊ နွေစပါးစိုက်တာတို့ လုပ်နေပါတယ်။ ကျွန်တော်ကိုယ်တိုင်လဲ တောင်သူဖြစ်လို့ ခုနစ်ဧက စိုက်ပါတယ်။

မြန်မာ့အလင်း ။ ။ နိုင်ငံတော်က ငွေကုန်ကြေးကျအကုန်အကျခံပြီးတော့ ဆည်တွေ တည်ဆောက်ပေးတယ်၊ ဆည်ရေတွေရအောင် ဆောင်ရွက်ပေးတယ်။ အဲဒီလို ဆောင်ရွက်ပေးလို့ ရတဲ့ဆည်ရေကို ဖြုန်းတီးမှုမရှိရအောင် စနစ်တကျ သုံးဖို့၊ မျှမျှတတ သုံးစွဲနိုင်ဖို့ အစီအစဉ်တွေလဲ လုပ်ထားကြပါသလား။

ဦးစိုးမြင့် ။ ။ ဆည်ရေသောက်ရေကို ဦးရာလူကယူပြီး အလဟဿ မဖြစ် စေရန်နှင့် မျှမျှတတရရှိစေဖို့အတွက် ရေပေးဝေသုံးစွဲရေးအဖွဲ့ ဖွဲ့စည်းပြီး ဆောင်ရွက်ရန်စီစဉ်ထားပါတယ်။ တောင်သူများနှင့် ဌာနဆိုင်ရာများပါတဲ့ ကော်မတီဖွဲ့ပြီး လုပ်ပါတယ်။

မြန်မာ့အလင်း ။ ။ နွေစပါးစိုက်ပျိုးရေးအတွက် လိုအပ်တဲ့ လယ်ယာသုံးပစ္စည်းတွေ၊ဓာတ်မြေဩဇာတွေကအစ ရရှိကြပါသလား။

ဦးစိုးမြင့် ။ ။ စိုက်ပျိုးရေးဌာနကပေးပါတယ်။ အများဆုံးရပါတယ်။ တောင်သူတွေက ပိုက်ဆံမရှိလို့တောင် မဝယ်နိုင်ကြပါဘူး။ နိုင်ငံတော်ကလဲ တအားထုတ်ပေးပါတယ်။

မြန်မာ့အလင်း ။ ။ အခု ဖောက်ပေးထားတဲ့ ဒေသမှာ လယ်ဧက ဘယ်လောက် စိုက်ကြပါသလဲ။

ဦးစိုးမြင့် ။ ။ လယ်ဧက ၅၀၀ ကျော်အောင် စိုက်နေကြပါပြီ။ ကွန်ချောင်း ဆည်ကြီးပြီးစီးသွားလို့ ရေတွေ အလျှံပယ် ရရှိမယ်ဆိုရင် ဝမ်းသာကြရတာပေါ့။ ကျွန်တော်က ရပ်ကွက်ဥက္ကဋ္ဌဆိုတော့ နွေစပါးစိုက်တဲ့ နေရာကို ဌာနဆိုင်ရာတွေနဲ့ လိုက်ကြည့်ကြရပါတယ်။ ယခုလို သာယာဖွံ့ဖြိုးဖို့ လုပ်ပေးတဲ့ နိုင်ငံတော်အစိုးရကို ကျေးဇူးတင်ကြပါတယ်။

သစ်ဆိပ်ကိုင်ကျေးရွာ တောင်သူပေါင်း ၅၂ ဦးတို့သည် နွေစပါးလယ်ဧက ၁၂၉ ဧက စိုက်ပျိုးပြီး အလုံမြောက်မှ တောင်သူ ၁၀၈ ဦးတို့က နွေစပါး ၃၇၂ ဧက စိုက်ပျိုးလျက်ရှိသည်။ အလားတူ ကျန်သော တောင်သူများကလဲ လက်တွေ့မြင်တွေ့နေရသော နွေစပါး စိုက်ခင်းများကို အားကျပြီး နွေစပါးစိုက်ဧက တိုးလာတော့မည်သာ ဖြစ်ပါတော့သည်။ ။

(မြန်မာ့အလင်း)

(၅၉) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် တာချီလိတ်ခရိုင် တာလေမြို့ စည်ပင်သာယာရေးအဖွဲ့ ရုံးသစ်ဖွင့်ပွဲ၊ နှင်းဆီလမ်းကျောက်ချောလမ်းသစ်နှင့် ရေပေးရေးဖွင့်ပွဲအခမ်းအနားကို မတ် ၂၁ရက်က ကျင်းပစဉ်။ (မြို့နယ်စည်ပင်)

ဂျာနယ်ကျော် ဦးချစ်မောင် စာကြည့်တိုက်ဖြစ်မြောက်ရေး စာအုပ်လှူဒါန်း

အုတ်ဖို မတ် ၁၈

ပဲခူးတိုင်း(အနောက်ပိုင်း)အုတ်ဖိုမြို့တွင် ဂျာနယ်ကျော်ဦးချစ်မောင် စာကြည့်တိုက်ဖြစ်မြောက်ရေးအတွက် စာအုပ်များလှူဒါန်းပွဲကို မတ်၁၄ရက် နံနက် ၁၀နာရီက မြို့နယ်အသင်းခန်းမတွင် ကျင်းပရာ စာရေးဆရာ မိုးဟိန်း (သား ဂျာနယ်ကျော်)နှင့် စာကြည့်တိုက်ဖြစ်မြောက်ရေးလုပ်ငန်းဆိုင်ရာ ကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့် စာပေဝါသနာရှင် မြို့မိမြို့ဖများ၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ သားဂျာနယ်ကျော်က ရန်ကုန်စာအုပ်တိုက်ကိုးတိုက်မှ စာအုပ်၄၆၁အုပ်ကို လှူဒါန်းရာ စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီ ဦးမြင့်အေးနှင့် ဦးတင်ထွေး တို့က လက်ခံရယူကြသည်။

အုတ်ဖိုမြို့သူ မြို့သားများက ဂျာနယ်ကျော် ဦးချစ်မောင်ကို ဂုဏ်ပြု၍စာအုပ်များလှူဒါန်းသဖြင့် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း၊ ကျန်စာအုပ်တိုက်များမှ လှူဒါန်းကြမည့်စာအုပ်များကို စဉ်ဆက်မပြတ်လှူဒါန်းမည်ဖြစ်ကြောင်းပြောကြားသွားသည်။

ထို့နောက် တက်ရောက်လာကြသော မြို့မိ မြို့ဖ၊ဌာနဆိုင်ရာများ၊ ဆရာဆရာမများနှင့် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်တို့က ကျေးဇူးတင် စကားအသီးသီးပြောကြားပြီး မွန်းလွဲ၁၂ နာရီခွဲတွင် အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်းသိရသည်။ (၀၇၄)

ပညာရေးလမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်း

ရေဦး မတ် ၅

ပညာရေးဝန်ကြီးဌာန ၂၀၀၃ ခုနှစ် ဒုတိယခြောက်လပတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးလမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်းသည့် အခမ်းအနားကို ရေဦးမြို့ အထက (၁) ကံ့ကော်ဆောင်တွင် ဖေဖော်ဝါရီ ၂၂ရက်ကကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးစိန်လင်းက စီမံရေးရာ လုပ်ငန်းလမ်းညွှန်များကို ထပ်ဆင့်ရှင်းလင်းသည်။

ထို့နောက် လက်ထောက်ပညာရေးမှူး ဦးဘိုဆန်းနှင့်ဦးမြို့မောင်တို့က အထက၊အလက၊ အမကကျောင်းအုပ်ဆရာကြီးများ၊ ဆရာ ဆရာမ ၇၆၅ဦးတို့အား သင်ကြားရေးနှင့် စစ်ဆေးရေးလုပ်ငန်းလမ်းညွှန်များကို ထပ်ဆင့်ရှင်းလင်းကြောင်း သိရသည်။ (၃၇၈)

မီးဘေးကြိုတင်ကာကွယ်ရေး ကောလင်း၌သတိပေးနှိုးဆော်

ကောလင်း မတ် ၂၅

ကောလင်းမြို့နယ်မီးသတ်ဦးစီးဌာနနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးသတိပြုရေးကို အသံချဲ့စက်များဖြင့် မတ်၇ရက်မှစတင်၍ နေ့စဉ်သတိပေး ဆောင်ရွက်ကြသည်။

အဆိုပါအဖွဲ့တွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဗိုလ်လတ်နှင့် ရပ်ကွက်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ရန် မီးသတ်ဆေးဘူးများ ထားရှိရေး၊ မီးလောင်လွယ်သော ပစ္စည်းနှင့်လောင်စာဆီများကို ရပ်ကွက်အတွင်း ရောင်းချခြင်းမပြုရေး၊ မီးကိုသတ် မှတ်ချိန်အတွင်း အသုံးပြုရေး၊ မီးသတိမူရေး စည်းကမ်းချက်များကို လိုက်နာကြရန် မီးသတ် တပ်ဖွဲ့ဝင်များက လိုက်လံသတိပေးလျက်ရှိသည်။ (၀၂၆)

ကချင်ပြည်နယ် မိုးညှင်းမြို့ စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မစည်ပင်သာယာဈေးကြီး မီးဘေး ကြိုတင်ကာကွယ်ရေးစည်ပင်သာယာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ ဒုတိယအကြိမ် စုပေါင်းဇာတ်တိုက်သရုပ်ပြလေ့ကျင့်ရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးမင်းသူတို့က ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ်သတင်းများ

ကချင်တိုင်းရင်းသား ရိုးရာဝလေ့ အစားအသောက်ပြပွဲ ပြည်နယ်ယဉ်ကျေးမှုအဆောက်အအုံတွင်ကျင်းပ

မြစ်ကြီးနား ဧပြီ ၃

ကချင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့သည် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့၏ တိုင်းရင်းသားရိုးရာဓလေ့ဆိုင်ရာ အစားအသောက်များပြပွဲကို ဖေဖော်ဝါရီ ၂၉ ရက် မွန်းလွဲ၁နာရီက မြစ်ကြီးနားမြို့ ပြည်နယ်ယဉ်ကျေးမှုပြတိုက် အဆောက်အအုံတွင် ကျင်းပသည်။

ရှေးဦးစွာ ကချင်ပြည်နယ်အမျိုးသမီးရေးရာ အဖွဲ့နာယက၊ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၏ဇနီးဒေါ်တင်တင်နွဲ့က ပြပွဲပြသရခြင်းရည်ရွယ်ချက်များ ရှင်းလင်းပြီး၊ လုပ်ငန်းကော်မတီဝင်များနှင့် ဧည့်သည်တော်များက တိုင်းရင်းသားရိုးရာ စားသောက်ဖွယ်ရာများကို လေ့လာကြည့်ရှုကြသည်။

၎င်းနောက်ပြတိုက်အပေါ်ထပ်ခန်းမဆောင်၌ ပြသထားသည့် တိုင်းရင်းသားရိုးရာတူရိယာပစ္စည်းပြပွဲကို တက်ရောက်ကြည့်ရှုရာ တိုင်းရင်းသားရိုးရာအနုပညာရှင်များက ရိုးရာတူရိယာပစ္စည်းများကို လက်တွေ့တီးမှုတ်ပြသကြပြီး အခမ်းအနားကို မွန်းလွဲ ၂ နာရီတွင် ရုပ်သိမ်းလိုက်သည်။ (ခရိုင်ပြန်/ဆက်)

မတ် ၃၁ ရက်က မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့ ရေပေးရေး တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း လုပ်ငန်းမှ ၈ လက်မ ပိုက်လိုင်းများ အစားထိုးတပ်ဆင်ခြင်းကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီးဦးသိန်းဝင်း ကြည့်ရှုစစ်ဆေးစဉ်။

(၅၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု ဒေါက်ရပ်-ခဲမောက် ကျေးရွာချင်းဆက် ဂဝံလမ်းသစ်ဖွင့်

ဘီးလင်း မတ် ၃၀

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဘီးလင်းမြို့နယ် ဒေါက်ရပ်-ခဲမောက် ကျေးရွာချင်းဆက် ဂဝံလမ်းသစ်ဖွင့်ပွဲကို မတ် ၂၆ ရက် နံနက်က အဆိုပါ လမ်းထိပ်မှခ်ဦးတွင် ကျင်းပသည်။

ဖဲကြိုးဖြတ်

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဦးနှင့် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရန်မျိုးအောင်တို့က ဂဝံလမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ဂဝံလမ်းသစ်မှာ အကျယ် ၁၂ ပေ၊ အလျားပေ ၄၉၀၀ ရှိကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ဖေဖော်ဝါရီ ၂၃ ရက်က ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးတို့က မြို့တော်ခန်းမ ပတ်လမ်း ကတ္တရာခင်း လုပ်ငန်းကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ သိုလှောင်ဖြန့်ဖြူးရေး ဌာနခွဲ(ခ) အဆင့် ပခုက္ကူဌာနခွဲ မန်နေဂျာ ဦးမင်းသွင်ထွန်း ဦးဆောင်သောဝန်ထမ်းများ၊ ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်သိန်းနှင့်သန္ဓေတပ်ဖွဲ့ဝင်များ ဖေဖော်ဝါရီ ၂၇ ရက်က သိုလှောင်ဖြန့်ဖြူး ရေးဌာနခွဲဝင်းအတွင်း၌ မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ကြစဉ်။ (၄၁၃)



မန္တလေး-ရွှေညောင်ပင် ကတ္တရာလမ်းသစ်ဖွင့်

မန္တလေး မတ် ၃၀

(၅၉)နှစ်မြောက်တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်း အမရပူရမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော အိုးတော်ရပ်ကွက် ရွှေညောင်ပင်ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ်၂၅ရက်က ကျင်းပသည်။

အခမ်းအနားတွင် အမရပူရမြို့နယ်ဥက္ကဋ္ဌ ဦးတင်မြင့်၊တိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်ဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါလမ်းမှာ အရှည်ပေ ၈၅၀၊ အကျယ် ၁၂ ပေဖြစ်ပြီး စည်ပင်အဖွဲ့ရန်ပုံငွေ ကျပ် ၁၀၀၃၉၀၀၊ အမရပူရမြို့ ရွှေညောင်ပင်ကျောင်းဆရာတော်မှ အလှူငွေကျပ် ၁၃၈၃၀၀၀ဖြင့် ဆောင်ရွက်ကြကြောင်းသိရသည်။ (၃၁၃)

မြန်မာ့အသံ

၁၅-၄-၂၀၀၄(ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀ ဦးဥတ္တမသာရဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဂုဏ်တော်ကွန်ချာတရားတော်

နေ့လယ်ပိုင်း

၀၉း၃၅ ဟောပြောချက် (ရှမ်းရိုးရာသင်္ကြန်ယဉ်ကျေးမှု)

၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းဌာနများ (ဆေးဖက်ဝင်အဆီများ ထုတ်လုပ်ခြင်းအကြောင်း)

၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ (၁)သံယုတ္တနိကာယ်ကဗျာကျမ်း (အရှင်နန္ဒဝံသ-ရေစကြို) (၂)ခေါင်းဆောင်သူ၏ လက္ခဏာများ (ချစ်နိုင်-စိတ်ပညာ)

၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (နားနေခြင်း၏ အကျိုးကျေးဇူး-မောင်ဆုရှင်)

၁၂း၃၀ အစာနှင့် အာဟာရ (သင်္ကြန်ကာလနှင့် မြန်မာ့ရိုးရာစားစရာများ)

ညနေပိုင်း

၁၆း၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၇း၀၀ တပ်မတော်စာတိုက်

၁၉း၁၅ ဇာတ်လမ်းပမာ (တူနှစ်ကိုယ်ပိတောက်လမ်း)

၁၉း၄၀ ဟန်မျိုးစုံညီတေးကိုသီ

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား အသက်(၁၃)နှစ်အောက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၃

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ပထမအကြိမ်မြို့နယ်ပေါင်းစုံ အသက်(၁၃)နှစ်အောက်ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဧပြီ ၁၁ရက် ညနေ၄နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အားပေးချီးမြှင့်သည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌဖလား ပထမအကြိမ် မြို့နယ်ပေါင်းစုံ အသက်(၁၃)နှစ်အောက် ဘောလုံးပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲအဖြစ် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဘောလုံးအသင်းနှင့် ကြည့်မြင်တိုင်မြို့နယ် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ဘောလုံးအသင်းက အနိုင်ရဗိုလ်စွဲသွားသည်။

ထို့နောက် ပြိုင်ပွဲ အပြီးတွင်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ပထမအကြိမ်မြို့နယ်ပေါင်းစုံ အသက်(၁၃)နှစ်အောက် ဘောလုံး ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ကြည့်မြင်တိုင်မြို့နယ် ဘောလုံးအသင်းမှ အားကစားသမားများအား တစ်ဦးချင်းဆုများကို ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်ဒိုင်းကလည်းကောင်း၊ ငွေသားဆုကျပ်ခုနစ်သောင်းကို ဦးစိုးနိုင်(အုပ်ချုပ်မှုဒါရိုက်တာ အောင်မြန်မာဆောက်လုပ်ရေး)က လည်းကောင်း၊ ပထမဆုရရှိသည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဘောလုံးအသင်းမှ အားကစားသမားများအား တစ်ဦးချင်းဆုများကို အမှတ်(၄)စစ်ဒေသမှူး ဗိုလ်မှူးကြီးရန်နိုင်ဦးကလည်းကောင်း၊ ငွေသားဆု ကျပ်တစ်သိန်းကို ဦးစိုးနိုင် (အုပ်ချုပ်မှု

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ အနိုင်ရဗိုလ်စွဲသွားသည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဘောလုံးအသင်းအား ဒိုင်းဆုချီးမြှင့်စဉ်။ (ရန်ကုန်တိုင်း)

ဒါရိုက်တာ အောင်မြန်မာဆောက်လုပ်ရေး) ကလည်းကောင်း၊ နေရာအလိုက် အကောင်းဆုံး အားကစားသမားဆုများကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး မောင်ကို ကလည်းကောင်း၊ ငွေသားဆု ကျပ်တစ်သောင်းစီကို ဆောက်လုပ်ရေးလုပ်ငန်းရှင်ဦးချစ်ဆွေကလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက်ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေကဗိုလ်စွဲသွားသည့် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ဘောလုံးအသင်းအား တံခွန်စိုက် ဒိုင်းဆုကြီး ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတု ပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် (၁၀)နာရီမှ ညနေ (၅)နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်း ရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်ကို သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ အနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသောနေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကိုပြုလုပ်ပါ၊
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ငါးခရိုင် လက်ရွေးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၁၃

၂၀၀၄ ခုနှစ် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဧရာဝတီတိုင်း ငါးခရိုင် လက်ရွေးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဧပြီ ၉ ရက် ည ၇ နာရီက ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း မိုးလုံလေလုံအားကစားခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

အစီအစဉ်အရ တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် ဝိတ်တန်းအလိုက် လက်ရွေးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

ဆုများပေးအပ်ချီးမြှင့်

ဗိုလ်လုပွဲ ပွဲစဉ်များအပြီးတွင် ဆုများကိုပေးအပ်ချီးမြှင့်ရာ ဝိတ်တန်းအလိုက်တစ်ဦးချင်း ပထမ၊ ဒုတိယ ဆုများနှင့် သက်ငယ်တန်း(ဂ)အဆင့်နှင့် အကြီးတန်း အကောင်းဆုံးအားကစားသမား ဆုရရှိကြသူများကို ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

တံခွန်စိုက်ဖလားချီးမြှင့်

ထို့နောက်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ပြိုင်ပွဲတွင် တံခွန်စိုက်ဆုရ မြောင်းမြခရိုင်အသင်းအား တံခွန်စိုက်ဖလား ချီးမြှင့်ပြီး ဒိုင်အဖွဲ့နှင့်နည်းပြများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

e- Education Learning Centre

သင်ခန်းစာ ထုတ်လွှင့်မည့်အစီအစဉ်

မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီထိ

၁၉-၄-၂၀၀၄ (တနင်္လာနေ့)

- ❑ Importance of Micro Business in Economic Development
  - ပထမနှစ် အိမ်တွင်းစီးပွား ကျောင်းသူ ကျောင်းသားများ
- ❑ Concepts of Equilibrium
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ ကျောင်းသူ ကျောင်းသားများ
- ❑ Internal Structure and Organization
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ ကျောင်းသူ ကျောင်းသားများ
- ❑ Application of Demand and Supply
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ ပြည်သူ့ရေးရာ ကျောင်းသူ ကျောင်းသားများ

၂၀-၄-၂၀၀၄ (အင်္ဂါနေ့)

- ❑ Double Entry and Book-keeping
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ ကျောင်းသူ ကျောင်းသားများ
- ❑ Historical Background of Myanmar Economy
  - ပထမနှစ် ပြည်သူ့ရေးရာ ကျောင်းသူ ကျောင်းသားများ
- ❑ Myanmar Economic Reforms (1989-1996)
  - ပထမနှစ် ပြည်သူ့ရေးရာ ကျောင်းသူ ကျောင်းသားများ

၂၁-၄-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

- ❑ Micro Business
  - ပထမနှစ် အိမ်တွင်းစီးပွားကျောင်းသူ ကျောင်းသားများ
- ❑ Book-keeping Procedures and Cash-Book
  - ပထမနှစ်စီးပွားရေး၊ စီးပွားစီမံ ကျောင်းသူ ကျောင်းသားများ
- ❑ Legal Form of Organization
  - ပထမနှစ် အိမ်တွင်းစီးပွား ကျောင်းသူ ကျောင်းသားများ

၂၂-၄-၂၀၀၄ (ကြာသပတေးနေ့)

- ❑ Measures of Dispersion
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွား ကျောင်းသူ ကျောင်းသားများ
- ❑ Total Debtors Account and Total Creditors
  - ပထမနှစ် စီးပွားရေးကျောင်းသူ ကျောင်းသားများ
- ❑ Measures of Dispersion and Further of Descriptions
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွား ကျောင်းသူ ကျောင်းသားများ
- ❑ Natural Resource Development
  - ပထမနှစ် ပြည်သူ့ရေးရာ ကျောင်းသူ ကျောင်းသားများ

၂၃-၄-၂၀၀၄ (သောကြာနေ့)

- ❑ Simple Linear Regression
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ ကျောင်းသူ ကျောင်းသားများ
- ❑ Correlation
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ ကျောင်းသူ ကျောင်းသားများ
- ❑ Structure of Markets
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ ကျောင်းသူ ကျောင်းသားများ
- ❑ Monopoly
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ ကျောင်းသူ ကျောင်းသားများ

၂၄-၄-၂၀၀၄ (စနေနေ့)

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသူ ကျောင်းသားများအတွက် သင်ခန်းစာများ

၂၅-၄-၂၀၀၄ (တနင်္ဂနွေနေ့)

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသူ ကျောင်းသားများအတွက် သင်ခန်းစာများ

ကာကွယ်ဆေးထိုးနှံပေး

မတ် ၇ရက်က ပျော်ဘွယ်မြို့နယ် ကျန်းမာရေးဦးစီးဌာနက မြို့ပေါ်ရပ်ကွက်များသို့ မေးခိုင်ရောဂါ ကြိုတင်ကာကွယ်ဆေးထိုး လုပ်ငန်းဆောင်ရွက်ပေးလျက်ရှိရာ ကျန်းမာရေးဌာန သူနာပြုဆရာမ ဒေါ်နီလာနှင့် အဖွဲ့က ကာကွယ်ဆေးများ ထိုးနှံပေးစဉ်။ (၂၅၀)

မင်္ဂလာဦးဆွမ်းကပ်နှင့်မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

မန္တလေးမြို့နေ ဒေါ်အုံးခင်၊ မြစ်သားမြို့မင်းကုန်းရပ်နေ
ဦးဘစိန်–ဒေါ်ပြည့်စုံ
တို့၏မြေး၊
မြစ်သားမြို့ မင်းကုန်းရပ်နေ ဦးမျိုးသန်း–ဒေါ်တင်မာစိန်
တို့၏သား

မောင်အောင်ကိုး
B.E (Civil)

နှင့်

မြစ်သားမြို့ မင်းကုန်းရပ်နေ
ဦးကို (အငြိမ်းစားတိုင်းမင်းကြီး)–ဒေါ်ကြည်ကြည်
တို့၏မြေး၊
ရန်ကုန်မြို့နေ
ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်း–ဒေါ်မြင့်မြင့်ကို
တို့၏တူမ၊
တောင်ကြီးမြို့ သစ်တောရပ် တောင်ခြေလမ်းနေ
ဦးကျော်နီ (ပြည်နယ်သမ)–ဒေါ်မူမူကို
တို့၏သမီး

မအေးအေးလှိုင်ကျော်
B.Sc (Phys;) **(ရှမ်းပြည်နယ်အခွန်ရုံး)**
တို့၏

၃၁–၃–၂၀၀၄ ရက်တွင် တောင်ကြီးမြို့ ကံဦးပရိယတ္တိစာသင်တိုက်၌ ကျင်းပခဲ့သော မင်္ဂလာဦးဆွမ်းကပ်နှင့် ၉–၄–၂၀၀၄ ရက်တွင် မြစ်သားမြို့ လုပ်အားကြေးမုံခန်းမ၌ကျင်းပခဲ့သော မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့်တကွ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ပေးပို့ကြသော ရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာညှော်ခံတေးသီဆိုပေးသော ရီရီခင်ခေတ်ပေါ်တေးဂီတအဖွဲ့အားလည်းကောင်း၊မိတ်ကပ်ကျော်ကျော်(တောင်ကြီး) အားလည်းကောင်း၊ ညှော်ခံပွဲတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီ လုပ်ကိုင်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟတို့အားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်အောင်ကိုး–မအေးအေးလှိုင်ကျော်။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ဟင်္သာတမြို့ မြဝတီရပ်ကွက် သီတာလမ်း အိမ်အမှတ်(၃၅၀)နေ
ဦးဝင်းစိန်–ဒေါ်တင်အေးတို့၏ တစ်ဦးတည်းသော သားလတ်
မောင်ကျော်သူဝင်း B.Sc(Hons:),M.Sc(Zoology)
သရုပ်ပြ သတ္တဗေဒဌာန ဟင်္သာတ တက္ကသိုလ် နှင့်
ပုသိမ်မြို့ အမှတ် ၄ ရပ်ကွက် စဉ်းအိုးဘိုလမ်း အိမ်အမှတ်(၁/၅–၆)နေ
ဦးသက်ခိုင်–(ဒေါ်ကြည်ငွေး)တို့၏သမီးကြီး
မမိုးမိုးခိုင် B.Sc(Hons:),M.Sc(Zoology)
သရုပ်ပြ သတ္တဗေဒဌာန ဟင်္သာတ တက္ကသိုလ်

တို့သည် အိန်းချွမ်းတောင်ဘုရားကျောင်း၊ ငှက်ပျောတန်းလမ်း၌ ၂–၄–၂၀၀၄ (သောကြာ)နေ့တွင် ဂုဏ်သရေရှိ လူကြီးများနှင့် မိဘဆွေမျိုးများ၏ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ကျော်သူဝင်း–မမိုးမိုးခိုင်။

လက်ထပ်မင်္ဂလာ ကျေးဇူးတင်လွှာ

မကွေးတိုင်း၊ ဆိပ်ဖြူမြို့နေ
ဦးရဲမောင်(အငယ်တန်းအင်ဂျင်နီယာ–မြို့ပြ)၊ ပြည်သူ့ဆောက်
လုပ်ရေးလုပ်ငန်း–ဒေါ်မျို့တင်တို့၏သားလတ်

မောင်သက်နိုင်ဦး
A.G.T.I, B-Tech (Civil)Nawarat Construction Services နှင့်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ လှိုင်မြင်းမိုရ်အိမ်ရာနေ
ဦးတင်ဦး(ဌာနစုမှူး–စီမံ၊ စက်မှုလက်မှုသိပ္ပံ–ချောက်) (ငြိမ်း)–
ဒေါ်သိန်းသိန်းတို့၏သမီးဦး

မသက်သက်ဦး B.E (Civil)

တို့သည် နှစ်ဖက်မိဘများ၏ သဘောတူခွင့်ပြုချက်အရ ၂–၄–၂၀၀၄ ရက်တွင် လှိုင်မြို့နယ်တရားရုံး၌ လက်ထပ်ပြီးစီးပါကြောင်းနှင့် ၆–၄–၂၀၀၄ရက် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် မိုးကုတ်ဆွမ်းစားဆောင် ကမ္ဘာအေးကုန်းမြေတွင် ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေး အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်သက်နိုင်ဦး–မသက်သက်ဦး။

တနင်္သာရီတိုင်း မြိတ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ မြိတ်မြို့ တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်း၊ သုံးနှစ်လုပ်ပိုင်ခွင့် လုပ်ငန်းလိုင်စင်

လေလံတင်ရောင်းချရန် ကြော်ငြာ

တနင်္သာရီတိုင်း မြိတ်ခရိုင်အတွင်းရှိ လက်ရှိတံတားအသုံးပြုခကောက်ခံနေသော နိုင်ငံတော်ပိုင်တံတားနှစ်စင်း၏ ၂၀၀၄–၂၀၀၅ ခုနှစ်မှ ၂၀၀၆–၂၀၀၇ ခုနှစ်အထိ တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်း သုံးနှစ်လုပ်ပိုင်ခွင့် လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

(က) လေလံတင်ရောင်းချမည့်တံတားများ
(၁) ပုလောတံတား (ပုလောမြို့)
(၂) ပလောက်တံတား (ပလောက်မြို့နယ်ခွဲ)

(ခ) လေလံလျှောက်လွှာ ဝယ်ယူရရှိနိုင်သည့်နေရာ
(၁) မြိတ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ စီးပွား–၂၊ ဌာနခွဲ (ဖုန်း – ၀၅၉–၄၁၀၁၃)
(၂) မြိတ်ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မြိတ်မြို့။ ငွေစာရင်းဌာနခွဲ (ဖုန်း ၀၅၉–၄၁၀၀၇)

(ဂ) လေလံလျှောက်လွှာတင်သွင်းရမည့်နေရာ
– မြိတ်ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မြိတ်မြို့။ ငွေစာရင်းဌာနခွဲ (ဖုန်း ၀၅၉–၄၁၀၀၇)

(ဃ) လေလံဆွဲဝယ်ခွင့်လျှောက်လွှာ စတင်လက်ခံမည့်ရက်၊ အချိန်
– ၁၂–၄–၂၀၀၄ (တနင်္လာနေ့ နံနက် ၁၀:၀၀) နာရီ

(င) လေလံတင်သွင်းရန် နောက်ဆုံးအချိန်
– ၂၃–၄–၂၀၀၄ (သောကြာနေ့၊ ညနေ ၁၆:၀၀) နာရီ

(စ) လေလံတင်ရောင်းချမည့်နေရာ
– မြိတ်ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မြိတ်မြို့

မှတ်ချက်။ လေလံဆွဲဝယ်ယူခွင့် လျှောက်လွှာနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ကျပ်၁၀၀၀ိ/ နှုန်းဖြင့် ဝယ်ယူ၍ ရုံးချိန်အတွင်း တင်သွင်းနိုင်ပါသည်။

ဥက္ကဋ္ဌ
မြိတ်ခရိုင် တံတားများအသုံးပြုခွင့်လိုင်စင် လေလံတင်ရောင်းချရေးကော်မတီ
မြိတ်မြို့။

[illegible]

ခရစ်တော်၌အိပ်ပျော်ခြင်း

Pa Thomas Thang Khan Lian
B.Th,Dip.SEARSOLIN, (Philipine) (Suangpi)
အသက်(၄၇)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ Suangpi ရွာနေ Rev.Thang Kaam-(Daw Ngin Za Cin) တို့၏သား၊ Kap Telရွာနေ (U Cin DO Khen)(ဘော်တွင်းသတ္တုတွင်းကြီးကြပ်ရေးမှူး၊ငြိမ်း)–(Daw Tel Khaw Dim) တို့၏သားသမက်၊ U Thawng Sian Thang၊ Daw Tel Khan Dim-(U Thawng Za Khai)၊ (Daw Ngul Nem Cing) တို့၏ညီမောင်၊ Daw Dim Khan Huai-(U Dal Za Kam)၊ U Zam Mung(လ/ထ ကြီးကြပ်ရေးမှူး၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ တီးတိန်မြို့)၊ (U Khup Khan En Pau)-Daw Ciin Nem Cing၊ (U Ngin Khaw Kai)-Daw Niang Khan Lun၊ Daw Man Deih Piang-U Dong Za Kim Lai(တောအုပ်၊ သစ်တော ဦးစီးဌာန၊ တွန်းဇံမြို့)၊ Daw Ciin Ho Cing၊ Daw Zam Tawi Cing-Rev.စိန်ဝင်း(သင်းအုပ်ဆရာ၊ ပလက်ဝမြို့မနစ်ခြင်းအသင်းတော်)တို့၏ အစ်ကို၊ Daw Cing Sian Niang (ခ)ဒေါ်မြင့်မြင့်စန်း (အထပြ၊ အထက–၂၊ကလေးမြို့)၏ခင်ပွန်း၊ Mg David Kam Za Alh(ပ–နှစ်၊ GTC)၏ဖခင်သည် ၂–၄–၂၀၀၄ရက်(သောကြာနေ့) တွင် ကလေးမြို့တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့်၅–၄–၂၀၀၄ရက်(တနင်္လာနေ့)တွင် Suangpi ရွာ နှစ်ခြင်းခရစ်ယာန်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

သွာနုတ္တသမီးအဖြစ် အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ဦးကြည်မြင့်နှင့်ဒေါ်ယဉ်မွေးတို့၏ သမီးဖြစ်သူ မသင်းသင်းထိုက် ၁၂/ဥကတ (နိုင်) ၁၅၄၈၅၈သည် မိဘများ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိသည့်အပြင် မိဘများကို ဂုဏ်သိက္ခာ ကျဆင်းစေပြီး၊ မိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲစေသည့်ပြင် ၉–၄–၂၀၀၄ရက်က နေအိမ်မှ မိမိဆန္ဒအရဆင်းသွားပါသဖြင့် ယနေ့မှစ၍ သွာနုတ္တသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝတို့ကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဖခင် ဦးကြည်မြင့် ၁၂/ဥကတ (နိုင်) ၁၀၅၃၅၇
မိခင် ဒေါ်ယဉ်မွေး ၁၂/ဥကတ (နိုင်) ၁၀၅၃၅၈

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ဝင်း (ပုသိမ်)
အသက်(၅၄)နှစ်

မန်းအင်ဂျင်နီးယားရင်း အင်န်ထရေးဒင်းကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးစိုင်းအောင်ဝင်း၏ဇနီး ဒေါ်ခင်ဝင်း အသက်(၅၄)နှစ်သည် ၇–၄–၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒုတိယဥက္ကဋ္ဌနှင့်ဒါရိုက်တာများ။
မန်းအင်ဂျင်နီးယားရင်းအင်န်ထရေးဒင်းကုမ္ပဏီလီမိတက်။

ဦးကျော်ဆွေဦး

(အလုံ)
အသက်(၄၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၇) ရပ်ကွက်၊ ငွေကန်သာလမ်း၊ အမှတ် ၁၂၅၆နေ ဦးမြင့်ဦး(MEPE ငြိမ်း)ဒေါ်ကျင်လှတို့၏သား၊ ဒေါ်မာမာဦး–ဦးမောင်မောင်လွင်၊ ဦးခင်မောင်ကျော်–ဒေါ်မေမေသန်း၊ ဦးမင်းဇော်–ဒေါ်ကြူကြူလင်း၊ ဦးကျော်မြင့်ဦး တို့၏ညီမောင်၊ မသီဂီဦး၊ မကေသီဦး တို့၏အစ်ကို၊ တူတူမ ခြောက်ယောက် တို့၏ဦးလေးသည် ၁၀–၄–၂၀၀၄ ရက် (စနေနေ့) ည ၉နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁–၄–၂၀၀၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

ဘုရား၊ရဟန်း၊ကျောင်း၊တံတိုင်းဒါယကာကြီး
သတင်းစာဆရာကြီး၊ စာရေးဆရာကြီး

ဦးကြည်ညွန့် (ချစ်ကြည်ရေး–ကြည်ညွန့်)

စာတည်းမှူးချုပ်(ငြိမ်း)၊ အကြံပေးအရာရှိ(ငြိမ်း)
မြန်မာ့အလင်းသတင်းစာတိုက်၊သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊
ဗဟိုအမှုဆောင်ကော်မတီဝင်၊
မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့
ဥက္ကံမြို့
အသက်(၇၂)နှစ်

၁၁–၄–၂၀၀၄ရက်(တနင်္ဂနွေနေ့) နံနက် ၁၁း၁၀ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားသော ဖခင်ကြီးမကွယ်လွန်မီက ပြုစုစောင့်ရှောက်ပေးခဲ့ကြသော သမားတော်ကြီးနှင့် Yangon Medical Centre မှ ဆရာဝန်၊ ဆရာမ၊ ဆေးခန်းဝန်ထမ်းများအားလည်းကောင်း၊ ကျန်ရစ်သူမိသားစုအား နှစ်သိမ့်အားပေးသည့် လိုအပ်သည်များကို ကူညီစောင့်ရှောက်ပေးကြသော ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ ပုဂ္ဂိုလ်များ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း အဖွဲ့ ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များအားလည်းကောင်း၊ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ ၁၃–၄–၂၀၀၄ရက် (အင်္ဂါနေ့)တွင် ဈာပနအခမ်းအနားသို့ လိုက်ပါပို့ဆောင်ကြသော ပြန်ကြားရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများအားလည်း ကောင်း၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင် ကော်မတီဝင်များအားလည်းကောင်း၊ ဖခင်ကြီးနှင့်လုပ်ဖော်ကိုင်ဖက်များ၊ တပည့်များအားလည်းကောင်း၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများ အားလုံးတို့အားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဗိုလ်မှူးချုပ်ခင်အောင် (ရေ–ငြိမ်း)

စီမံထူးချွန်(ပထမဆင့်)
ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး(ငြိမ်း)
အသက်(၆၄)နှစ်

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ မေတ္တာရိပ်မွန်အိမ်ရာ၊ တိုက် ဘီ–၄၊ အခန်း ၀၀၂ နေ (ဦးဘဖြူ–ဒေါ်စိန်သက်)တို့၏စတုတ္ထမြောက် သား၊ (ဦးဘဆွေ–ဒေါ်လေးမှု)တို့၏သားသမက်၊ ဒေါ်ခင်မော်ဆွေ(လက်ထောက် ညွှန်မှူး၊ စီးပွား/ကူးသန်းဝန်ကြီးဌာန၊ငြိမ်း)၏ခင်ပွန်း၊ ဦးဥက္ကါ(ရဲမင်းကြီး၊ငြိမ်း)– ဒေါ်ခင်အေးဆွေ၊ (ဦးချစ်သန်းထွန်း–ဒေါ်ခင်ရီဆွေ)၊ ဦးမျိုးဆွေ(ဥက္ကဋ္ဌ၊ လူမှုဖူလုံရေးအဖွဲ့၊ ငြိမ်း)–(ဒေါ်ခင်ကြွယ်)၊ ဦးတင်အောင်–ဒေါ်ခင်ဝင်းဆွေ၊ ဦးမင်းဆွေ(နယ်မြေမှူး၊ ရန်ကုန်တက္ကသိုလ်၊ ငြိမ်း)–ဒေါ်ခင်နှင်းဆွေ၊ ဗိုလ်မှူးချုပ် မြတ်ဆွေ(ရေ–ငြိမ်း)၊ ဒေါ်ခင်ခင်ဝင်းတို့၏ညီ/မောင်၊ (ဦးရဲညွန့်လှိုင်)–ဒေါ်ခင် သက်ဆွေတို့၏အစ်ကို၊ ဗိုလ်မြတ်သူဇာခင်(တပ်မတော်ဆေးရုံကြီး)–ဗိုလ်ကြီး ကိုကိုမောင်(ဆေးမှူး)၊ မြတ်သက်ဝေခင်တို့၏ဖခင်ကြီးသည် ၁၂–၄–၂၀၀၄ရက် နံနက် ၂း၂၀ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၄–၄–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် တပ်မတော်ဆေးရုံကြီး(မင်္ဂလာဒုံ)မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဗိုလ်မှူးချုပ်ခင်အောင် (ရေ–ငြိမ်း)

စီမံထူးချွန်(ပထမဆင့်)
ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး(ငြိမ်း)
အသက်(၆၄)နှစ်

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ တိုက် ဘီ(၄)၊ အခန်း ၀၀၂ နေ ဒေါ်ခင်မော်ဆွေ(လ/ထ ညွှန်မှူး၊ စီးပွား/ကူးသန်းဝန်ကြီးဌာန၊ ငြိမ်း)၏ခင်ပွန်း၊ ဒေါက်တာသက်မြင့်မောင်(ပြည်နယ်သမားတော်ကြီး၊ ဘားအံ မြို့)–ဒေါ်မီမီဂါ၊ ဦးကျော်သူဂါ–ဒေါ်ခင်မေမြင့်၊ ဦးခင်မောင်မောင်အုန်း– ဒေါ်ဂီဂီဂါ၊ ဦးဘိုမင်းဂါ–ဒေါ်ကြည်ကြည်စိန်၊ ဗိုလ်မှူးကြီးကျော်လင်းထွန်း– ဒေါ်နေခြည်ဦး၊ ဒေါက်တာအောင်မင်းထွန်း–ဒေါ်ရွှေရွှေအောင်၊ ဒေါက်တာ စုစုထွန်း၊ ဦးအောင်သူထွန်း–ဒေါ်ကေသီဦး၊ ဒေါ်အေးသူထွန်း(စီးပွားရေး တက္ကသိုလ်)၊ ဦးဘိုဘို–ဒေါ်ဥမ္မာဆွေ၊ဦးသူရဆွေ–ဒေါ်ညွန့်ညွန့်အေး၊ဦးသီဟဆွေ– ဒေါ်စန္ဒာဘို၊ ဦးတင်ဇော်စံသိန်း–ဒေါ်ခင်ဥမ္မာမြင့်၊ ဦးကံမြင့်ထွန်း–ဒေါ်လဲ့လဲ့ စံသိန်း၊ ဦးသိန်းဦး–ဒေါ်ခင်ဦးဆွေ၊ ဒေါ်ခင်ထူးဆွေ၊ ဒေါ်သန္တာမင်းဆွေ၊ ဗိုလ်ကြီး စုလင်းမြတ်ဆွေ၊ ဦးကျော်မင်းမြတ်ဆွေ၊ မောင်ရဲကျော်စွာလှိုင်၊ မရတနာလှိုင် တို့၏ဦးလေး/ဘကြီးသည် ၁၂–၄–၂၀၀၄ရက် နံနက် ၂း၂၀နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၄–၄–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် တပ်မတော်ဆေးရုံကြီး(မင်္ဂလာဒုံ)အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ကဗျာဆရာ၊ စာရေးဆရာ မောင်မောက်(ဥက္ကလာ)

ဦးကျော်ဇော

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ရန်ကုန်တိုင်းရုံး(ငြိမ်း)
အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊(၂/မြောက်)ရပ်ကွက်၊ ထူပါရုံ ၂၂ လမ်း (အရှေ့)၊ အမှတ် ၃၆၅ နေ (ဦးစံရင်–ဒေါ်သိန်းတင်)တို့၏သားလတ်၊ ဦးတင် ဝင်း–ဒေါ်တင်ကြည်တို့၏သားသမက်၊ ဒေါ်သန်းတင်၏မောင်၊ ဒေါ်ပြုံး၏အစ်ကို၊ ဒေါ်ခင်မမ (မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ သာကေတမြို့နယ်)၏ခင်ပွန်း၊ မခင်စကားဝါဝင်း၊ မသရဖီကြည်သာ(အမက–၁၉၊ သာကေတ)တို့၏ဖခင်သည် Green Cross မော်တင်အထူးကုဆေးခန်း၌ ၁၂–၄–၂၀၀၄ရက်နံနက် ၁၀း၄၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄–၄–၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်နှင့်လေထန်ကုန်း လက်ဖက်ရည်ဆိုင်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးသိန်းလှိုင် (လှည်းကူး)

(ဓာတ်မှန်ကျွမ်းကျင်)
(ဆာကူရာ၊ဗဟိုရိရှိစည်အထူးကုဆေးခန်း)
D.P.M.S (Ygn),
C.M.R (Osaka), B.Sc (Phy)
အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃) ရပ်ကွက်၊ ရဲရန်အောင်လမ်း၊ အမှတ် ၅၂ နေ(ဦးရှိန်–ဒေါ်သန်းစိန်)တို့၏သား၊ နှောင်ချို၊ ဘန့်ဘွေးနေ ဦးလေးမောင်–(ဒေါ်သီသီ)တို့၏သားသမက်၊ ဒေါ်ခင်မာကြည်၏ခင်ပွန်း၊ အင်းစိန်၊ ကြို့ကုန်းနေ ဦးတင်ဝင်း–ဒေါ်လှလှဝေ၊ လှည်းကူးမြို့၊ ပါရမီရိပ်သာနေ ဦးစိုးဝင်း–ဒေါ်နုနုခိုင်၊ ဘန့်ဘွေးနေ ဦးလှမြင့်–ဒေါ်ခင်မာရီ၊ ဦးစန်းဝေ–ဒေါ်ခင်မာသီ၊ ဒေါ်ဝင်းမာတို့၏အစ်ကိုကြီး၊မောင်သိန်းထွန်းမြင့်၊ မောင်ထွန်းဇော်မြင့် (A.G မုန့်တိုက်)၊ မအေးသန္တာချိုတို့၏ဖခင်သည် ၁၃–၄–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂း၁၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅–၄–၂၀၀၄ ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်မြင့်မြင့်ရွှေ(ခ)မပုစူး

(စိန့်မေရီကျောင်းသူဟောင်း)
အသက်(၅၀)

ရန်ကုန်မြို့၊ သုဝဏ္ဏနေ (ဦးတင်အောင်) – ဒေါ်သန်းရွှေတို့၏ သမီး၊ (ဦးကျော်ဇေယျ)၏ဇနီး၊ မယဉ်နွေဦး [(B.Sc (Q), M.Sc Part I (Botany) M.U]၊ မောင်ကောင်း ကျော်စိုး(Bachelor of Technology, (Electrical Power) First Year, သန်လျင် G.T.C, Diplona in Technology (Electrical Power) Y.T.U, Final Year English (U.D.E), Diploma in Information & Communication Technology Level I)တို့၏ မိခင်သည် ၉–၄–၂၀၀၄ရက် နံနက် ၁၁း၃၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃း၃၀ နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါ ကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၅–၄–၂၀၀၄ရက်(ကြာသပတေးနေ့)နံနက် ၆ နာရီတွင် အထက်ပါနေအိမ်၌ ရက်လည် ဆွမ်းကျွေးတရားနာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ပါမောက္ခ ဒေါက်တာဒေါ်လှကြည်

M.B.,B.S, MRCOG, MMSA, FRCOG
ပါမောက္ခ(ငြိမ်း)သားဖွားနှင့်မီးယပ်ပညာဌာန၊ဆေးတက္ကသိုလ်၊ရန်ကုန်
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ မင်းရဲကျော်စွာလမ်း(ဗဟိုလမ်း)၊ အမှတ် ၃၉ နေ (ဦးသာဒွန်း–ဒေါ်စိန်ညွန့်)တို့၏သမီး၊(ဦးထွန်းတင်)၏ဇနီးသည် ၁၁–၄– ၂၀၀၄ရက် (တနင်္ဂနွေနေ့) ည ၈ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃–၄–၂၀၀၄ ရက် (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန် သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကွယ်လွန်သူအားရည်စူး၍ ၁၆– ၄–၂၀၀၄ရက် (သောကြာနေ့)နံနက် ၇ နာရီတွင် ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ကျောက်ဖြူအသင်း(ရန်ကုန်မြို့)

ဗိုလ်မှူးချုပ်ခင်အောင် (ရေ–ငြိမ်း)

အသက်(၆၄)နှစ်

ရာသက်ပန်အသင်းဝင်(၁၁၉) တစ်ဦးဖြစ်သူသည် ၁၂–၄–၂၀၀၄ရက်က ကွယ်လွန်သွားပါသဖြင့် ၁၄–၄–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် တပ်မတော် ဆေးရုံကြီး(မင်္ဂလာဒုံ)မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ အမှု ဆောင်၊ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ အမှုဆောင်အဖွဲ့။

ဦးကြည်စိုး (သစ်ကြားကုန်း)

အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၉၃၊ ၂၈ လမ်း(ပထမထပ်)၊ ပန်းဘဲတန်းမြို့နယ်နေ (ဦးသိန်းအောင်–ဒေါ်ဖွားသင်)တို့၏သား၊ ဒေါ်ကြင်ရွှေ၏ခင်ပွန်း၊ (ဦးအုန်း ကြည်)–ဒေါ်အုန်းခင်တို့၏မောင်၊ (ဦးတင်ဦး)–ဒေါ်အုန်းဝေ၊ ဦးညွန့်လွင်– ဒေါ်ကြည်ကြည်ခိုင်တို့၏အစ်ကို၊ ဦးခင်မောင်ဘို–ဒေါ်မေဖြူခင်၊ ဦးဝင်းလတ်၊ ဦးဇော်ဝင်း–ဒေါ်ဝါဝါစိုး၊ ဦးအောင်ဇော်–ဒေါ်ညိုညိုစိုးတို့၏ဖခင်၊ ကိုတင်အေး ကျော်–မခင်ချောစု၊ ကိုအောင်မြင့်–မခင်သက်လျာ၊ မောင်စိုးလူဇော်၊ မောင် ကောင်းသော်၊ မနှင်းနုဝေ၊ မလမင်းသော်တို့၏အဘိုးသည် ၁၂–၄–၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ၁၂–၄–၂၀၀၄ရက် (တနင်္လာ နေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန် သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးဝင်းကြည် (တောင်ကြီးမြို့)

အသက်(၅၅)နှစ်

မန္တလေးမြို့၊စကြာနွယ်စဉ်ရပ်နေ (ဦးထွန်းရ)–ဒေါ်ငွေတင်တို့၏သား၊ မနွဲ့ရီ၏မောင်၊ ဘိုထွန်းအောင်၏အစ်ကို၊ ရန်ကုန်မြို့၊ အေးရိပ်မွန်အိမ်ရာနှင့် တောင်ကြီးမြို့၊ အမှတ် ၁၄၇၊ အင်းဝလမ်း၊ ညောင်ရွှေဟော်ကုန်းရပ်နေ ဒေါ်စန်းရီ၏ခင်ပွန်း၊ မောင်ဇော်မိုးဝင်း၊ ဒေါက်တာစိုင်းဝင်းဇော်လှိုင်–ဒေါက်တာ မေမင်းသိမ့်တို့၏ဖခင်သည် ၁၂–၄–၂၀၀၄ရက်(တနင်္လာနေ့)ညနေ ၄း၂၀နာရီ တွင် ကွယ်ကဘောဆေးခန်း၌ကွယ်လွန်သွားပါ၍ ၁၄–၄–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင်ထွက်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၁၈–၄–၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၆ နာရီမှ ၁၀ နာရီအထိ အမှတ် ၃၀/၁၀၁၊ ရတနာမွန် ၃ လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်တွင် ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ရှုတင် (မြိတ်မြို့)

အသက်(၇၇)နှစ်

ဦးစိန်လွင်–ဒေါ်စီစီဝင်း(လမင်းစန္ဒာ တီဗွီ၊ဗီဒီယိုရောင်းဝယ်ရေး၊ မဟာ ဗန္ဓုလပန်းခြံလမ်း၊ရန်ကုန်)တို့၏ချစ်လှစွာသောမိခင်ဒေါ်ရှုတင်သည် ၁၁–၄– ၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Kapper Co., Ltd. & Shine Bagyi Co., Ltd. မိသားစုများ။

ဒေါ်ကျော့မေ (သံတွဲ)

(အငြိမ်းစားကျောင်းဆရာမကြီး)
အသက်(၈၆)နှစ်

သံတွဲမြို့နေ ဦးဖိုးငြိမ်း–ဒေါ်ဖြူဖြူ တို့၏သမီး၊ အမှတ် ၈၁/၆၈/၈၊ စုပေါင်း လမ်း၊ အင်းလျားမြိုင်နေ (ဦးစန်အောင်) ၏ဇနီး၊ (ဦးထွန်းကြည်–ဒေါ်ခင်ကြည်) တို့၏အစ်မ၊ ဒေါ်တင်တင်မြင့်(ဆလရ၊ ငွေစာရင်း)၊ ဒေါ်နီနီအောင်–ဦးသာထွန်း အောင်တို့၏မိခင်ကြီး၊ မလှလှ–ကိုအန်း ကူ၊ မောင်သုတ၊ မယုယတို့၏အဘွား၊ မဆုမြတ်(စံစံ)၏ ဘွားဘွားကြီးသည် ၁၃–၄–၂၀၀၄ရက် နံနက် ၁၁း၁၅ နာရီ တွင် ကွယ်လွန်ပါ၍ ၁၅–၄–၂၀၀၄ရက် နံနက် ၁၀ နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးမျိုးဝေ (B.Com)

Artist Graphic Designer
အသက်(၄၈)နှစ်

မော်လမြိုင်မြို့၊ စစ်ကဲကုန်းရပ်ကွက်၊ အောက်လမ်းမကြီး၊ အမှတ် ၂၇၉၊(စိုးမိုး စာပုံနှိပ်တိုက်)နေ ဦးဖေသန်း–ဒေါ်စိန် တင်တို့၏သားကြီး၊ ဦးလတ်မြင့်အောင် (J.A.T လေ့ကျင့်ရေး အလက၊ မော်လ မြိုင်)–ဒေါ်ခင်စန်းဝေ(J.A.T အထက– ၁၀၊မော်လမြိုင်)တို့၏ညီ/မောင်၊ဦးကိုကို နိုင်(Illustrator)–ဒေါ်ဖြူဖြူ၊ ဦးမြင့် နိုင်(စိုးမိုးစာပုံနှိပ်တိုက်)၊ ဒေါ်မိုးမိုးမြတ် (လက်ထောက် ကထိက၊ ဓာတုဗေဒ၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ဦးအောင် ကိုလတ်(High - Tech)–ဒေါ်စိုးစိုး မြတ်(Instructor;Cyber English Center)တို့၏အစ်ကိုကြီး၊ မောင်ပြည့် ဖြိုးဝေအောင်၊ မယုဇနဝေအောင်၊ မစု ပြည့်ငြိမ်း၊ မောင်ကောင်းဆုရတို့၏ ဦးကြီးသည် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ကမ္ဘဌာန်းလမ်း၊ အမှတ် ၆၉၃၊ အခန်း ၃၀၁ နေအိမ်၌ ၁၃–၄–၂၀၀၄ရက်(အင်္ဂါနေ့)နံနက်၇း၃၀ နာရီ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁း၃၀ နာရီတွင် ရေဝေးသုသာန် သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၆–၄– ၂၀၀၄ရက် (သောကြာနေ့) နံနက် ၇ နာရီမှ ၉ နာရီအထိ ရန်ကုန်မြို့ မေတ္တာညွန့်၊ ကမ္ဘဌာန်းလမ်း နေအိမ်၌ ရက်လည်ဆွမ်းကျွေးမည် ဖြစ်ပါသဖြင့် တရားတော်နာကြွရောက်ပါရန် ဖိတ် ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်းဒါယကာ

ဦးကျင်ဟုာ(ခ)ဦးသြရီ

(အုန်းသီးတံဆိပ်အုန်းဆီစက်)
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ အမှတ် ၃၉၊ ၁၄ လမ်း နေ(ဦးအင်းငါး–ဒေါ်အန်အော်စွမ်း)တို့၏ သား၊ ဒေါ်တင်ကြည်၏ခင်ပွန်း၊ ဦးပဋ္ဌင်း ဦးဇာဂရ၏ ခမည်းတော်၊ ကိုကျော်စိန်– မချိုချိုရီ၊ မခင်ခင်အေး၊ ကိုမောင်ချစ်– မခင်ခင်ချို၊ ကိုမြင့်နိုင်–မညွန့်ညွန့်မြိုင်၊ ကိုစိုးမြင့်–မခင်ခင်ဝင်း၊ ကိုကျော်ဝင်း– မသီတာအေးတို့၏ဖခင်၊မြေး၁၄ယောက် တို့၏အဘိုးသည် ၁၂–၄–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄–၄–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် နေအိမ်မှထိန်ပင်သုသာန် သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဗိုလ်မှူးချုပ်ခင်အောင် (ရေ–ငြိမ်း)

စီမံထူးချွန်(ပထမဆင့်)
ဗီယက်နမ်နိုင်ငံဆိုင်ရာ
မြန်မာသံအမတ်ကြီး(ငြိမ်း)
အသက်(၆၄)နှစ်

ရန်ကုန်တိုင်း၊တာမွေမြို့နယ်၊နတ်ချောင်း ရပ် ကွက်၊ မေတ္တာရိပ်မွန်အိမ်ရာ၊ တိုက် ဘီ(၄)၊ အခန်း ၀၀၂ နေ (ဦးဘဖြူ– ဒေါ်စိန်သက်)တို့၏ စတုတ္ထမြောက်သား၊ (ဦးဘဆွေ – ဒေါ်လေးမှု)တို့၏ သား သမက်၊ ဒေါ်ခင်မော်ဆွေ(လ/ထ ညွှန်မှူး၊ စီးပွား/ကူးသန်းဝန်ကြီးဌာန၊ ငြိမ်း)၏ ခင်ပွန်း၊ (ဦးကျော်ခင်–ဒေါ်ညွန့်ညွန့်)၊ (ဗိုလ်မှူးကျော်ထင်) – ဒေါ်ခင်ခင်သန်း၊ ဦးတင်အောင်–ဒေါ်မေသက်မှုတို့၏ညီ၊ (ဦးသန်းအောင်)–ဒေါ်သန်းရီ၊ ဦးမြင့် အောင်–ဒေါ်သင်းသင်းနု (M.I.C.S)၊ ဒေါ်ခင်ခင်ဖြူ(M.I.C.B)တို့၏အစ်ကို၊ ဗိုလ်မြတ်သူဇာခင် (တပ်မတော်ဆေး ရုံကြီး)–ဗိုလ်ကြီးကိုကိုမောင်(ဆေးမှူး)၊ မြတ်သက်ဝေခင်(မိဝမ်းရွှေသဇင်ကုမ္ပဏီ လီမိတက်)တို့၏ ဖခင်သည် ၁၂–၄– ၂၀၀၄ရက် နံနက် ၂း၂၀နာရီတွင် အမှတ် (၂)တပ်မတော်ဆေးရုံ၌ ကွယ်လွန်သွား ပါ၍ ၁၄–၄–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင်တပ်မတော်ဆေးရုံကြီး(မင်္ဂလာဒုံ) မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ် ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

ဒေါ်ထွေးထွေး

အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ အောင်ကြည့်မြင်တိုင် လမ်း၊ အိမ်အမှတ် ၄၄၅(B) မြေညီထပ် နေ (ဦးနီ–ဒေါ်မိန်းကလေး)တို့၏သမီး၊ (ဦးခင်မောင်လှ)၏ဇနီး၊ ဦးခင်မောင် ကြည်(B.A.J ၊ စစ်တွေ)–ဒေါ်စိုးစိုးမြင့်၊ ဒေါ်ခင်စောဝင်း၊ (ဦးမျိုးမြင့်)–ဒေါ်ခင် ခင်စန်း၊ ဦးညိမ်းလွင်–ဒေါ်နွယ်အေးအေး (ဆသရ)တို့၏မိခင်၊ ဦးကိုကိုကျော် (B.A.J ၊ မောင်တော)–ဒေါ်ခင်မျိုးမျိုး ဝင်း၊ ဒေါ်ပြည့်ပြည့် (နည်းပြ၊ ဥပဒေ ပညာဌာန၊ ရန်ကုန်တက္ကသိုလ်)၊ မောင် ဖြိုးဝေမိုး၊ မသဥ္ဇာလွင်(3rd BM U.D.E)၊ မသန္တာခင်(1st BT.EP– မော်ဘီ)၊ မောင်မြတ်ဝေဖြိုး(အထက–၄၊ အလုံ)တို့၏အဘွား၊ မောင်စွမ်းထက်၏ ဘွားဘွားကြီးသည် ၁၂–၄–၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၃း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄–၄–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၀နာရီတွင်ထိန်ပင် အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ခွာ ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ကြည် (ကျိုက်လတ်)

အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ သီရိမာလာလမ်း သွယ်၊ အိမ်အမှတ် ၅၆(F)နေ ဦးမောင် မောင်–ဒေါ်စောတင်(ကျိုက်လတ်)တို့၏ သမီး၊ (ဦးစိုးလှိုင်)၏ဇနီး၊ ဒေါ်လှိုင်မေ သန်း–ဦးကျော်လွင်(ညွှန်ချုပ်၊ မွေး/ရေ ဝန်ကြီးဌာန)၊ ဦးသက်ထွန်း၊ ဦးသက်စိုး၊ ဦးသက်ထွေး – ဒေါ်ကလျာထွန်းတို့၏ မိခင်၊ ဦးကျော်ဆန်းလွင်၊ ဗိုလ်ကြီး ကျော်ရွှေလွင်–ဒေါ်ဝင်းဝါတင်စိန်၊ ဒေါ် တင်မာလွင်၊ မသဲနန္ဒာစု၊ မောင်ဝေဖြိုး ဟိန်းတို့၏ အဘွား၊ မြစ်ငါးယောက် တို့၏အဘွားသည် ၁၂–၄–၂၀၀၄ရက် ည ၉း၀၅ နာရီတွင် နေအိမ်၌ကွယ်လွန် သွားပါသဖြင့် ၁၆–၄–၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါ မည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဆရာဆန်နီထွေးမင်း

(အဂ္ဂါပေဇဝံဂေလိလုပ်ငန်း)
အသက်(၄၇)နှစ်

ရန်ကုန်မြို့နေ ဦးစောနိုင်–(ဒေါ်တင် တင်စီ)တို့၏သား၊ကြည့်မြင်တိုင်မြို့နယ်၊ အမှတ် ၁၈၊ သိန္နီလမ်းနေ(ဦးဂျွန်ဘိုးလူ– ဒေါ်စိန်မြိုင်)တို့၏သားသမက်၊ ဒေါ် ညိမ်းညိမ်း၊ ဒေါ်အေးအေးတင်–(ဦးစန်း မောင်)၊ ဦးမောင်မောင်–ဒေါ်ကြည် ကြည်နု၊ ဦးအေးမင်း–ဒေါ်ချိုချို၊ ဒေါ် ရီရီတင်၊ ဦးထွန်းခိုင်–ဒေါ်ချိုချိုသက်၊ ဆရာမနော်ခရစ္စတယ်ဘဲလ်ဘိုးလူ၊ဦးစော ရီဂျင်နယ်–နော်ရဲလာဝါးတို့၏ ညီ/ မောင်၊ ဆရာမနော်ကလဲဘဲလ်ဖိုးလူ၏ ခင်ပွန်း၊ မောင်ဂျေဂျေဂျွန်၏ဖခင်၊ တူ တူမ ၁၉ ယောက်တို့၏ ဦးလေးသည် ၁၃–၄–၂၀၀၄ရက် နံနက် ၁၁း၃၀နာရီ တွင် အကယ်ဒမီဆေးခန်းတွင် ခရစ် တော်၌အိပ်ပျော်သွားပြီဖြစ်ပါ၍ ၁၅– ၄–၂၀၀၄ရက် နံနက် ၉ နာရီတွင်ထိန်ပင် အအေးတိုက်မှထိန်ပင်ခရစ်ယာန်သုသာန် သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပါမည်။ (ကားများကို ကြည့်မြင်တိုင် ဦးလူနီ လမ်းမှ နံနက် ၈ နာရီတွင် ထွက်ခွာ ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

Ms Cing Lian Vung

အသက်(၃၆)နှစ်

စစ်ကိုင်းတိုင်း၊ တမူးမြို့နယ်၊ ကျွန်း တောရေရှင်ကျေးရွာနေ (Gin Za Thang– Tha Za Cing)တို့၏ပဥ္စမ မြောက်သမီး၊ Rev. Khup Khan Khai၊ Daw Thang Lam Cing၊ Daw Vung Hoi Niang၊ U Khan Cin Thang၊ Rev. Kam Lian Khup၊ Daw Mang Lun Cing၊ U Mang Lian Suan၊ Daw Man Deih Ciinတို့၏ညီမ၊ Pastor Khup Lam Thang၊ Daw Cing Deih Lun၊ U Kam Lam Thang၊ Daw Niang Suan Nuam တို့၏ အစ်မသည် ၁၁–၄–၂၀၀၄ရက် (စနေ နေ့)ည ၁၁ နာရီတွင် အမှတ် ၁၅/က၊ စောရန်ပိုင်လမ်း၊(၂၈)ရပ်ကွက်၊ မ/ဒဂုံ နေအိမ်၌ ခရစ်တော်၌အိပ်ပျော်သွားပါ သဖြင့် ၁၄–၄–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တ ဇောတိက

သက်တော်(၇၀)၊ သိက္ခာတော်(၅၀)

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့၊ ပါရမီလမ်း၊ (၅)ရပ်ကွက်၊ အမှတ်(၂) ဝိုင်း၊ ပညာ့ရိပ်သာကျောင်း၏ ဦးစီးပဓာန နာယက ဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တ ဇောတိက မဟာထေရ်သည် ၁၃၆၅ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၈ ရက် (၁၁–၄–၂၀၀၄ရက်) နံနက် ၈း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော် မူသွားပါသဖြင့် (၁၅–၄–၂၀၀၄ရက်) ကြာသပတေးနေ့ မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်၍ အန္တိမအဂ္ဂိဈာပနကျင်းပမည် ဖြစ်ကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား သိစေအပ်ပါသည်။ (ကျောင်းမှကားများ မွန်းလွဲ ၁ နာရီ ထွက်ပါမည်။)

ဈာပနကျင်းပရေးအဖွဲ့။

ဦးအေးမောင် (ကုက္ကိုင်း)

ဒု–လ/ထ အင်ဂျင်နီယာ၊ကညန(ငြိမ်း)
အသက်(၇၇)နှစ်

ရန်ကုန်တိုင်း၊ သဃ်န်ကျွန်းမြို့နယ်၊ ၁၀၁၂၊ ဇဋိလ ၂ လမ်း၊(၁၆/၁)ရပ်ကွက် နေ (ဦးတက်တိုး–ဒေါ်သဲခင်)တို့၏သား၊ (ဦးမြတ်တင်–ဒေါ်ငွေမြိုင်)တို့၏ သား သမက်၊ (ဦးချစ်အောင်–ဒေါ်မြရီ)၊ (ဦးမောင်မောင်–ဒေါ်မြကြည်)၊ (ဒေါ်မြ တင်)တို့၏မောင်၊ ဦးမောင်သန်း–(ဒေါ် သန်းရင်)တို့၏အစ်ကို၊ ဒေါ်ဟန်ညွန့်၏ ခင်ပွန်း၊ ကိုတင်ထွန်း(P.P.E)၊ ကိုမင်း သိန်း–မညိုညိုသောင်း၊ ကိုထွန်းအေး၊ ကိုမျိုးသန့်ဇင်–မမိုးသီတာ၊ ကိုမျိုးဝင်း ညွန့်–မအေးအေးဆင့်၊မဖြူဖြူအေးတို့၏ ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁၂–၄–၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၄း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄–၄–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေး သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဇော်နိုင်ဦး(ခ)

ဂျိုကာမောင်မောင်

(ရုပ်ရှင်၊ ဗီဒီယိုနတ်ရေကန်
ရွှေစောင်းဆုရှင်)
အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ ဦးဘိုကြီး–ဒေါ်ကျင်ရွှေတို့၏သားကြီး၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ (က+ခ) ရပ်ကွက်၊ က/၂ လမ်း၊ အမှတ် ၁၃၄နေ (ဦးတင်ရီ)–ဒေါ်နှင်းကြည်တို့၏ သား သမက်၊ ဒေါ်ဝါဝါတင်၏ခင်ပွန်း၊ မခင် ငွေရီ၊ မခင်နှင်းဝေ၊ (ကိုဝင်းရီ)–မခင် ငွေလှ၊ ကိုခင်မောင်ကြည်–မနီလာ၊ ကိုထင်အောင်–မဝင်းစန္ဒာ၊ ကိုကိုလွင်– မညွန့်ညွန့်ဝင်း၊ ကိုညီညီလွင်–မခင်လှ စော၊ မပပကေသီ (မြန်မာ့အာမခံ)၊ ကိုအောင်မြင့်ခိုင် – မကေခိုင်ဦးတို့၏ အစ်ကိုကြီး၊ မအိရွှေစင်၊ မောင်စည်သူ မောင်(ထ–၂၊အင်းစိန်)၊ မရွှန်းလဲ့ကြည် ဖြူတို့၏ဖခင်၊ တူ တူမ ခုနစ်ယောက် တို့၏ဘဘကြီးသည် ၁၂–၄–၂၀၀၄ရက် နံနက် ၁၁း၁၅ နာရီတွင် အမှတ် ၂၂၊ ပန်းပင်ကြီးလမ်း၊ကြည့်မြင်တိုင်မြို့နယ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄–၂–၂၀၀၄ ရက် မွန်းလွဲ ၂ နာရီတွင်ထိန်ပင်အအေး တိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။(ကြည့်မြင်တိုင်နေအိမ် မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက် ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်ဦး(ခ)

U Tual Khup Pau°°(NL)
ငြိမ်းချမ်းရေးမော်တော်ယာဉ်လိုင်း
အသက်(၄၈)နှစ်

ဦးထွဖ်ခန်ကပ်–(ဒေါ်တင်)တို့၏သား၊ (ဦးစိမ်း)–ဒေါ်ရင်မေတို့၏ သားသမက်၊ ဦးထွန်းစိန်–ဒေါ်ကျင်ဇလွန်၊ ဦးအောင် သိန်း–ဒေါ်ဒိမ့်ငိုက်ဒွန်၊ ဦးတွာလ်ကပ် ကျင့်–ဒေါ်ဒိမ်ဆွန်ညောင်၊ဦးရှိဆွမ်ထန်– ဒေါ်ခင်မေသန်း၊ ဦးကျော်မင်းလွင်– ဒေါ်မန်ငိုက်ဝုန်၊ ဦးထန်ဇာအုပ်–ဒေါ် ညောင်မန်လျန်၊ဦးစံရီ–ဒေါ်စန်းစန်းအေး၊ ဦးဖေဟန်–ဒေါ်နိဖ်ဆွန်ဒိမ်၊ ဦးပေါင် လမ်မန်–ဒေါ်ကျိန်ထန်မန်၊ မညောင်စွမ် နွမ်၊ဦးခင်မောင်ကြည်–ဒေါ်မန်ငိုက်ကျိန်၊ ဦးဇော်ဝင်း–ဒေါ်မြင့်မြင့်ခိုင်၊ ဦးဝင်းစိုး– ဒေါ်ဥမ္မာဆွေ၊ ဦးကျော်မိုးလှိုင်–ဒေါ်ဖြိုး ဝေ၊ ဦးကျော်မိုးနိုင်–ဒေါ်မိုးကလျာ၊ မသက်သက်ထွေးတို့၏ ညီ/မောင်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ (၁၈)ရပ်ကွက်၊ စည်ပင်လမ်း၊ အိမ်အမှတ် ၂၂၉ နေ ဒေါ်အေးအေးသွင် ၏ခင်ပွန်း၊ မောင်လွင်ကိုကို၊ မယမုံဦး တို့၏ဖခင်သည် ၁၂–၄–၂၀၀၄ရက် နံနက် ၁း၁၀ နာရီတွင် ကွယ်လွန်သွား ပါ၍ ၁၄–၄–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်သောင်း (နတ်မောက်မြို့)

အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ အနောက်ရန်ကင်း၊ တိုက် ၃၇၀၊ အခန်း ၉ နေ (ဦးကျော်ဆွေ)၏ ဇနီး၊ ဦးလှရွှေ(Sky Line)၊ ဦးတင် ထွဋ်–ဒေါ်ညွန့်ညွန့်ရွှေ(ပို့ဆောင်ရေးစီမံ ဦးစီးဌာန၊ ရထားဝန်ကြီးရုံး)၊ ဦးဝင်း တင့်–ဒေါ်ဝင်းဝင်းရွှေ၊ မညွန့်ညွန့်အေး၊ ရဲအုပ် ကျော်ကျော်ဆွေ–မခင်လေးဆွေ၊ မထူးထူးဆွေ၊ကိုအောင်နိုင်(စက်မှု– ၁)– မခင်မျိုးဆွေ၊ မခင်ထွေးဆွေ(ပို့ဆောင် ရေးဦးစီးဌာန)၊မခင်မာလာဆွေ(Europ Continents Co., Ltd.)တို့၏မိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၁၂–၄–၂၀၀၄ရက် (တနင်္လာနေ့)နံနက် ၈း၁၅ နာရီတွင် နေအိမ်၌ ကွယ်လွန် သွားပါ၍ ၁၄–၄–၂၀၀၄ရက် (ဗုဒ္ဓဟူး နေ့)နံနက် ၁၁း၃၀ နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်းဒါယကာ

လီဟော်စိုး(ခ)ဦးရွှေ (သုံးခွမြို့)

19-B ရုံ၊ သိမ်ကြီးဈေး
အသက်(၇၂)နှစ်

ရန်ကုန်တိုင်း၊ သုံးခွမြို့ အောင်ဇေယျ လမ်း၊ အမှတ် ၅၉နေ (ဦးဟန်းနား– ဒေါ်ဝါး)တို့၏သားကြီး၊ အောင်လံမြို့ နေ (ဦးအွန်းနား–ဒေါ်အေးနန်း)တို့၏ သားသမက်၊ ဒေါ်လှိုင်၏ ခင်ပွန်း၊ မကျင်ရီ–ကိုလှဝင်းဦး၊ ကိုကျော်တင့်– မမြင့်မြင့်အေး၊ မသီသီဆွေ–ဒေါက်တာ လှဝင်း၊မကျင်ရွှေ၊ကိုကြည်ဝင်း၊ မအေး အေးသောင်း–ကိုသိန်းစိုး၊ မအေးအေး မြင့်–ကိုတင်ထူး၊ကိုဆန်းညွန့်၊ကိုအောင် ကျော်မိုး၊ မလှလှမြိုင်–ကိုသန်းတင့်၊ မဆွေဆွေရီ – ကိုကျော်ကျော်လတ်၊ မအေးအေးနိုင်၊ မစိန်စိန်ရီတို့၏ဖခင်၊ မြေး ၁၂ယောက်တို့၏အဘိုးသည် ၁၁– ၄–၂၀၀၄ ရက် နံနက် ၅း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅–၄–၂၀၀၄ ရက် နံနက် ၁၁ နာရီတွင် နေအိမ်မှ ဥက္ကံသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ် ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

ဒေါ်ညိုမြ(ခ)ဒေါ်သိန်းခင်

(ပခုက္ကူ၊ မြိုင်မြို့)
အသက်(၆၇)နှစ်

ပခုက္ကူ၊ မြိုင်မြို့နေ (ဦးထွန်းစိန်– ဒေါ်အုံးကျင်)တို့၏သမီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်ရပ်ကွက်၊ အမှတ် ၄၀၈၊တိုက်(D)နေ ဦးအောင်ခင် ၏ဇနီး၊ကိုအောင်ကြည်၊ကိုအောင်သန်း၊ ကိုအောင်ဝင်း၊ ကိုဝင်းမောင်၊ ကိုအောင် ကျော်တို့၏မိခင်သည် ၁၃–၄–၂၀၀၄ ရက် နံနက် ၆ နာရီတွင် ရွှေဂုံတိုင် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၅–၄–၂၀၀၄ရက် ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးထွဋ်အောင်ဝေ(ခ)

ဦးတင်အောင်လွင်

အသက်(၅၄)နှစ်

ဦးဘိုစိန်–(ဒေါ်ကြည်)တို့၏သား၊ ရန်ကုန်မြို့၊ ဖဆပလရပ်ကွက်၊ တိုက် ၄၊ အခန်း ၁၀ နေ (ဦးထွန်းရင်)– ဒေါ်သန်းတို့၏သားသမက်၊ ဦးခင်စိန်– ဒေါ်အိ၊ ဒေါ်လှ၊ ဦးမောင်အောင်တို့၏ တူ၊ (ဒေါ်ခင်မြတ်မော်)၊ (ဦးအေးချိုစိန်) တို့၏ညီ/မောင်၊ ဦးကျော်မြိုင်–ဒေါ်နုနု မော်တို့၏အစ်ကို၊ ဦးသောင်း–ဒေါ်ခင်ရီ၊ ဦးလှသိန်း–ဒေါ်သောင်းစိန်၊ ဒေါ်ခင်စိန်၊ ဦးသန်းဝင်း–ဒေါ်အေးမြင့်၊ ဦးတင်အောင် ညွန့်–ဒေါ်သန်းသန်းမြင့်၊ ဦးခင်မောင် ညွန့်–ဒေါ်ဖြူဖြူသင်း၊ ဦးစိုးဝင်း–ဒေါ် ခင်အေးကြူတို့၏ညီ/မောင်၊ ပဲခူးမြို့၊ မော်ကန် ၅ လမ်း၊ အိမ်အမှတ် ၇၇၉ နေ ဒေါ်သက်ထားရီ၏ ခင်ပွန်းသည် ၁၃–၄–၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၉း၂၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံ ကြီး၌ကွယ်လွန်သွားပါ၍ ၁၅–၄–၂၀၀၄ ရက်(ကြာသပတေးနေ့)နံနက် ၁၁ နာရီ တွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (ရန်ကုန် ဖဆပလ နေအိမ်မှကားများ နံနက် ၉း၃၀ နာရီ တွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ R. 488

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီးဒေါ် မြမြစန်း နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ မဟာသင်္ကြန်ပွဲပျော်ရွှင်စွာပါဝင်ဆင်နွှဲ

ရန်ကုန် ဧပြီ ၁၃

နိုင်ငံတော်ဝန်ကြီးချုပ်၏ မြန်မာ့ရိုးရာသင်္ကြန်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အင်းလျားလမ်းရှိ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော် ဧည့်ဂေဟာအမှတ်(၁)မြက်ခင်းပြင်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီးဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ၎င်းတို့၏ဇနီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ ဇနီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ရှေ့နေချုပ်၊ ရန်ကုန်မြို့တော်ဝန်၊ တပ်မတော်အရာရှိများ၊ တပ်မတော်ထောက်လှမ်းရေးမိသားစုများ၊ မြန်မာ–ဖိလစ်ပိုင်နှစ်နိုင်ငံပူးတွဲကော်မရှင် အစည်းအဝေးသို့ တက်ရောက်နေသည့် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Secretary of Foreign Affairs) Hon Delia Domingo Albert နှင့် အဖွဲ့ဝင်များ၊ ဖိလစ်ပိုင်ကုန်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ၊အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ***စာမျက်နှာ ၈ ကော်လံ ၁*** ✡

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး နိုင်ငံတော်ဝန်ကြီးချုပ်၏ မြန်မာ့ရိုးရာသင်္ကြန်ပွဲသို့ တက်ရောက်လာသည့် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Hon Delia Domingo Albert အား အတာရေများ ပက်ဖျန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာ့ရိုးရာ သင်္ကြန်ပွဲသို့ တက်ရောက်လာသည့် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Hon Delia Domingo Albert အား ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်	စီးပွားရေးဦးတည်ချက်(၄)ရပ်	လူမှုရေးဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြို ဆို နှုတ် ဆက်



သင်္ကြန်အကျနေ့က ဗိုလ်ချုပ်လမ်းမကြီးတစ်လျှောက် ရေပက်ခံကားများ စနစ်တကျစည်းကမ်းကျနစွာ စောင့်ဆိုင်း ရေပက်ခံနေကြသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ပျော်ရွှင်ဆင်နွှဲ ရိုးရာသင်္ကြန်ပွဲ

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း-တင်စိုး၊
သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၁၃

မြန်မာလူမျိုးတို့တစ်နှစ်ပတ်လုံး မျှော်လင့်တောင့်တခဲ့ကြရသည့် သင်္ကြန်၊ လူငယ်လူကြီးမရွေး ကြည်နူးပျော်ရွှင်ရသည့်သင်္ကြန်၊အေးချမ်းပျော်ရွှင်စရာနေ့ရက်များနှင့်အတူ ဆင်နွှဲရတော့မည့် သင်္ကြန်ပွဲတော်ရက်များစတင်သည့် သင်္ကြန်အကြတ်နေ့ရောက်ရှိလေပြီ။ ***စာမျက်နှာ ၁၃ ကော်လံ ၁*** ✻

မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

✻ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
✻ သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
✻ အမျိုးဂုဏ်၊ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ယနေ့ထုတ်စောင်ရေ
၂၀၁၁၄၃

14-4 (20).p65 1 3/24/05, 8:30 PM